# ကြေးမုံ

The Mirror

၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့၊ (23-12-2011) (၆၉၈၂)


## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ဂျပန်ဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင်ကျရောက်သော ဂျပန်ဘုရင် အာကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျပန်ဘုရင် အာကီဟီတိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ဂျပန်ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင်ကျရောက်သော ဂျပန်ဘုရင် အာကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျပန်ဝန်ကြီးချုပ် မစ္စတာယိုရှီဟီကို နိုဒါ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ဖိလစ်ပိုင်သမ္မတထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းတွင် ရေလွှမ်းမိုးမှုကြောင့် အသက်အိုးအိမ် ဆုံးရှုံးခဲ့သူများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ ဘီနင်နို အကွီနို ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နို့စားနွား၊ အသားတိုးနွား မွေးမြူသူများ၊ နို့ပြုပြင်ထုတ်လုပ်သူများ၊ အသားကဏ္ဍထုတ်ကုန် ပြည်ပတင်ပို့/တင်သွင်းသူများအား ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နိုင်ငံတကာအဆင့်မီ သားသတ်ရုံများ အသားပြုပြင်ထုတ်လုပ်သည့် ကမ္ဘာ့အဆင့်မီစက်ရုံကြီးများ ပေါ်ထွန်းရေးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၂

**နို့နှင့်နို့ထွက်ပစ္စည်း တင်သွင်းမှုနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံသည် အခွန်ကောက်ခံမှုတွင် အဆများစွာ လျော့နည်းသဖြင့် ပြည်တွင်းထုတ် နို့စားနွားနို့ထွက်ပစ္စည်းများ၏ ဈေးနှုန်းသည် ထုတ်လုပ်မှုတန်ဖိုးထက် များစွာနိမ့်ကျနေကြောင်း၊ နွားများကို ပြည်ပသို့တင်ပို့ရာ၌ ဝယ်လိုအားများပြား၍ ပုံမှန်လမ်းမှမသွားဘဲ မှောင်ခိုလမ်းမှသွားနေကြကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။**

ဆက်လက်၍ ပြည်တွင်းစားသုံးမှု၊ အသားထုတ်လုပ်ရေးနှင့် သယ်ယူရေးတွင်လည်း အခက်အခဲများရှိနေသည်ကို တွေ့ရကြောင်း၊ သားငါးထုတ်လုပ်မှုကဏ္ဍတိုးတက်ရေး၌ သားသတ်လိုင်စင်စနစ်သည်လည်း အတိုင်းအတာတစ်ခုအထိ အကန့်အသတ် အတားအဆီးဖြစ်နေကြောင်း၊ နို့စားနွားနှင့် အသားစားနွား မေထုန်မဲ့မျိုးရည်ချောင်းများနှင့်ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက လိုအပ်လျှင် အခမဲ့ကူညီဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နိုင်ငံတကာအဆင့်မီ သားသတ်ရုံများ၊ အသားပြုပြင်ထုတ်လုပ်သည့် ကမ္ဘာ့အဆင့်မီစက်ရုံကြီးများ ပေါ်ထွန်းလာစေရေး၊ လေလွင့်ပစ္စည်းများအား တန်ဖိုးမြင့်ပစ္စည်းများအဖြစ် ပြုပြင်ပြောင်းလဲထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးအကြံပြု ဆောင်ရွက်ကြစေလိုကြောင်းဖြင့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ နို့စားနွား၊ အသားတိုး နွားမွေးမြူသူများ၊ နို့ပြုပြင်ထုတ်လုပ်သူများ၊ အသားကဏ္ဍထုတ်ကုန် ပြည်ပတင်ပို့/တင်သွင်းသူများနှင့် တွေ့ဆုံစဉ်ဆွေးနွေးပြောကြားသည်။

ထို့နောက် နို့စားနွား/အသားတိုးနွား မွေးမြူထုတ်လုပ်သူများ၊ နို့နှင့်နို့ထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သူများ၊ အသားကဏ္ဍ ထုတ်လုပ်သူများက လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ပြည်ပမှ သားသတ်ပစ္စည်းကိရိယာများ တင်သွင်းရာတွင် ကြုံတွေ့ရသော အခက်အခဲများ၊ ပြည်ပသို့ သိုး၊ ဆိတ်၊ နွားအရှင်များ တင်ပို့ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ပြည်ပနေနိုင်ငံသားများ နိုင်ငံခြားငွေဖြင့် ရသည့်လစာ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြု

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၁) ကို ယမန်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အမိန့်ကြော်ငြာစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

### ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာ**

**အမှတ်၊ ၅၇/၂၀၁၁**

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ပနေနိုင်ငံသားများက နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာခေါင်းစဉ်အောက်ရှိ ဝင်ငွေစုစုပေါင်း အပေါ် ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ပေးဆောင်စေသည့် ဝင်ငွေခွန်ကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)အရ ကင်းလွတ်ခွင့်ပြုလိုက်သည်။

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

**အမိန့်အရ**

**(တင်မျိုးကြည်)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**

ကြေးမုံစာတည်းရှုထောင့်

၂၃-၁၂-၂၀၁၁ [သောကြာနေ့]။

## ဆရာ့ဂုဏ်အင် ပညာပြည့်ဝအောင် အလှဆင်

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကမဏ္ဍိုင်သည် ပညာရေးဖြစ်သည်။ လူသားတစ်ဦးချင်း၊ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး လျှောက်လှမ်းရာတွင် ပညာကို မဏ္ဍိုင်ပြုကြရသည်။

ကမ္ဘာ့မြေပုံပေါ်တွင် အစက်အပြောက်ငယ်အဖြစ်သာ မြင်တွေ့နေရသည့် နိုင်ငံအချို့သည် နည်းပညာတတ်ကျွမ်းကြ၏။ လူ့စွမ်းအားအရင်းအမြစ် အင်အားတောင့်တင်းကြ၏။ အတတ်ပညာ လူ့စွမ်းအားထုနှင့်ထည်နှင့် အားထုတ်လာကြသောအခါ စက်မှုထုတ်ကုန်များစွာတို့ဖြင့် အင်အားတောင့်တင်းသော နိုင်ငံအဖြစ်သို့ ရောက်ရှိသွားကြ၏။

မိမိတို့နိုင်ငံတွင် ရာသီဥတု သင့်တင့်မျှတ၏။ မြေဆီဩဇာ ထက်သန်ကောင်းမွန်၏။ မြေပေါ်မြေအောက်၊ ရေအောက်သယံဇာတတို့လည်း ကြွယ်ဝ၏။ အကျိုးစီးပွားဖြစ်ထွန်းအောင် ထုတ်ယူသုံးစွဲနိုင်စွမ်းရှိသည့် နည်းပညာအားနည်းချက်ကြောင့် တိုးတက်ကြွယ်ဝသောနိုင်ငံအဖြစ် မရောက်ရှိသေးခြင်းဖြစ်၏။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေးအင်အားကောင်းမွန်ရန် လိုအပ်၏။ စီးပွားရေးအင်အား ခိုင်ခံ့ရန်အရေးကြီး၏။ နိုင်ငံကာကွယ်ရေးအင်အား တောင့်တင်းမှုရှိရမည်ဖြစ်၏။ အဆိုပါအင်အားများ ပြည့်စုံစေရေးတွင် အရည်အချင်းမြင့်မား ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ အစဉ်တစိုက် ပေါ်ထွက်နေရေးသည် ပဓာနကျသောအချက်ဖြစ်၏။

လူတိုင်းအတွက် ပညာရေးရည်မှန်းချက်နှင့်အညီ အများစု မူလတန်းပညာရရှိရေး ကြိုးပမ်းဖော်ဆောင်နေ၏။ အခြေခံပညာကျောင်းများ၏ အရည်အသွေးမြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်ရေး ဖြည့်ဆည်း အားထုတ်နေကြ၏။ ပညာရေးဝန်ထမ်းများ၏ အရည်အချင်းမြင့်မားရေးနှင့် ယင်းတို့၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးများ ဆက်လက်ဆောင်ရွက်ကြရဦးမည်။

ပညာရေးဝန်ထမ်းများအားလုံးသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတွင် ပုံဖော်ထုဆစ်ပေးနေကြသည်။ ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် မိမိတို့ကိုယ်တိုင် သတ်မှတ်သင်ယူသင်ကြားနေသည့် ပညာရေးများ အောင်မြင်တတ်မြောက် ခရီးရောက်အောင် ကြိုးကြိုးစားစား သင်ကြားပေးရန် တာဝန်ရှိသည်။ တပည့်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးမှုအလှများ ဝေဆာနေအောင် ပျိုးထောင်ပေးကြရမည်ဖြစ်၏။

ဆရာဟူသည် ပညာရေးဥယျာဉ်မှူးများ ဖြစ်ကြ၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ စေတနာ၊ ဝါသနာ၊ စာနာ၊ အနစ်နာဟူသည့် နာခုနစ်နာသည် ဆရာကောင်းတို့ ထားအပ်သောအခြေခံကောင်းများဖြစ်၏။ ဆရာ့ဂုဏ်အင် လက္ခဏာကောင်းများဖြစ်၏။ စေတနာဆရာ ပညာရေးဥယျာဉ်မှူးတို့၏ အားထုတ်မှုဖြင့် ဉာဏ်ရည်ထက်မြက် ပညာပြည့်ဝ နှလုံးလှသော လူ့စွမ်းအားအရင်းအမြစ်များစွာကို မွေးထုတ်ပေးသွားကြရန် တိုက်တွန်းလိုက်ပါသည်။ ။

## မိုးစပါးစံကွက်ရိတ်သိမ်းပွဲ မော်လမြိုင်မြို့နယ်၌ ကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၂၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၂ ရက်က နောင်ခရီကျေးရွာအုပ်စု နောင်ခရီကျေးရွာ တောင်သူဦးပါးပါး၏ လယ်မြေ ၆ ဒသမ ၄၃ ဧက၌ ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲကို ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းဝင်း၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်မြင့်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးရာဇာမျိုးသန့်၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကျော်ဦး၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကွင်းဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်လေ့လာကြပြီး ရိတ်သိမ်းရာ ဆင်းသွယ်လတ်စပါး တစ်ဧက ၇၃ ဒသမ ၉၁ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)** (၃၀၇)



### မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင်ကျရောက်သော ဂျပန်ဘုရင် အာကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကိုအိချိရို ဂင်ဘာ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၁၁ခုနှစ် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းတွင် ရေလွှမ်းမိုးမှုကြောင့် အသက်အိုးအိမ် ဆုံးရှုံးခဲ့သူများအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဲလ်ဘက် အက်ဖ်ဒဲလ် ရိုဆာရီရို ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

## အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းဖွင့်လှစ်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံ အမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း (၁/၂၀၁၂)ကို ဇန်နဝါရီ ၁၆ ရက်မှစတင်၍ နှစ်လကြာ သင်ကြားပို့ချမည် ဖြစ်သည်။

သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စံပယ်လမ်းနှင့် အောင်သပြေလမ်းကြား) တိုက်အမှတ် (P) အခန်းအမှတ် (၀၀၅) (၅)လွှာ၌ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသူဦးရေ ၂၀ သာ လက်ခံမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်း အမှတ် (၁၀၁) KSS နတ်သုဒ္ဓါဒံပေါက်ဆိုင်၌ ရယူ၍ ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ဖုန်း-၂၀၃၂၈၉ သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ပြည်)၌ မီးဘေးကာကွယ်ရေးပညာပေးဟောပြော၊ ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ (ပြည်)၏ ၂၀၁၁-၂၀၁၂ ခုနှစ် အလုပ်ရုံသီးသန့် မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်းဆင်းပွဲ၊ ပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက် ညနေ ၃ နာရီတွင် ယင်းအခြေစိုက်အလုပ်ရုံ(ပြည်)၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး **(အောက်ပုံ)** ပြည်ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းနှင့် လက်ထောက် အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးမိုးအောင်တို့က သဘာဝမီးဘေးကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောကြသည်။

ယင်းနောက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှ တပ်ကြပ်လူဖော်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဆေးဘူးများဖြင့်လည်းကောင်း၊ မီးသတ်စက်ယာဉ်များဖြင့်လည်းကောင်း မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





**ဒီဇင်ဘာ ၁၇ရက်က ညောင်ဦးမြို့နယ် ရွှေစည်းခုံစေတီတော် ဂေါပကအဖွဲ့ဓမ္မာရုံ၌ ကျင်းပသော အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ပုဂံအညာဒေသလေ့လာရေးနှင့် စာအုပ်လှူဒါန်းပွဲတွင် အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ) နှင့် ဒုတိယဥက္ကဋ္ဌ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဦးဘိုကြည်(ဒေါက်တာ ဗိုလ်သံမဏိတောင်တွင်းကြီး) တို့က ညောင်ဦးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေထံသို့ အမှတ်တရအလံနှင့် စာအုပ်များပေးအပ်လှူဒါန်းစဉ်။**

(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၂ - ၁၂ -၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၂၆၅၀ | ၀. ၀၃၁၉၈ |
| တရုတ် (ယွမ်) | ၆. ၃၃၉၃၀ | ၀. ၁၅၇၇၅ |
| အိန္ဒိယ (ရူပီး) | ၅၂. ၇၂၇၄ | ၀. ၀၁၈၉၇ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၆၅၀၀ | ၀. ၃၁၅၉၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၄၂၈ | ၀. ၇၇၂၆၃ |
| ဂျပန် (ယန်း) | ၇၈. ၁၄၂၃ | ၀. ၀၁၂၈၀ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၅. ၆၉ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၆၆၃၅ | ၁. ၃၀၄၈၉ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၈၀၅ | ၁. ၅၆၇၂၉ |

**အင်တာနက်။**

**စည်းကမ်းလိုက်နာ ဘေးကင်းကွာ စုပေါင်းကာကွယ် ယာဉ်အန္တရာယ်**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၁၂-၂၀၁၁ (သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၀၅ ၃။ မျိုးချစ်တပ်မတော်
၄း၁၀ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ ဇာတ်လမ်းတို
၄း၂၅ ၆။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄း၃၅ ၇။ လှျပ်တစ်ပြက်
၄း၄၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀ ၉။ အိုင်စီတီသုတ
၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၁။ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် (အပိုင်း-၁၀)
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၄။ 'ရွာ'ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၂၈) -ကျောသားရင်သား (အိုင်းလောင်၊ ထက်နန္ဒီ၊ ငွေမိုးနှင့်သရုပ်ဆောင်များ)
၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၃၄)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒို့တာဝန်အရေး(၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ သံစဉ်များနှင့်ကမ္ဘာ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ခွန်အား (အပိုင်း-၂၂)**

☆ ရှေ့ဖုံးမှ

နို့ဈေးနှုန်းကျဆင်းမှုကြောင့် ပြည်တွင်း နို့စားနွားမွေးမြူရေး လုပ်ငန်းရှင်များ ကြုံတွေ့ရသည့် အခက်အခဲများ၊ ပြည်ပမှ နို့မှုန့်နှင့် အခြားနို့ထွက်ပစ္စည်းများ ဝင်ရောက်လာသည့်အတွက် ပြည်တွင်းနို့ဈေးကွက် ပျက်ပြားရသည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးအားပေးနေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေး တင်ပြကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနအကြီးအကဲများ၊ နို့စားနွား၊ အသားတိုးနွားမွေးမြူသူများ၊ နို့ပြုပြင်ထုတ်လုပ်သူများ၊ အသားကဏ္ဍ ထုတ်ကုန် ပြည်ပတင်ပို့/တင်သွင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ မွေးမြူရေးဇုန်ရှိ ယူနီစန် နို့စားနွားမွေးမြူရေးခြံနှင့် နို့မှုန့်ထုတ်လုပ်သည့် စက်ရုံသို့ ရောက်ရှိပြီး နွားကောင်ရေ ၁၂၀ မွေးမြူထားရှိမှု၊ နွားစာမြက်များ စိုက်ပျိုးထားရှိမှု၊ နို့မှုန့်ထုတ်လုပ်နိုင်မှုများကို ကြည့်ရှုစစ်ဆေးပြီး ယခုထက်ပိုမိုတိုးချဲ့၍ နို့စားနွား မွေးမြူနိုင်ရေး၊ အထီးအကောင်ပေါက်များအား စနစ်တကျ ထိန်းသိမ်းမွေးမြူပြီး ဒေသနွားမျိုးများနှင့် မျိုးဆက်အဆင့်မြှင့်ရေးအတွက် သားဖောက်နွားသိုးများအဖြစ် ဆက်လက်မွေးမြူရေး၊ ခိုင်းနွားအဖြစ် လေ့ကျင့်သုံးစွဲနိုင်ရေး၊ လုံလောက်သော အစာစိမ်း ရရှိရေး၊ လက်ရှိစိုက်ပျိုးထားသော နေပီယာမြက်မျိုးများအား မြေပြုပြင်၍ ထပ်မံတိုးချဲ့ စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဩစတြေးလျနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်ဆောင်ရွက်မည့် မြန်မာ Red Cow Head ကုမ္ပဏီနှင့် မြန်မာရွှေယင်းကုမ္ပဏီမှ ရှေ့ပြေးအဖွဲ့များအား တွေ့ဆုံပြီး မွေးမြူရေးဇုန်အတွင်း ခေတ်မီသားသတ်ရုံများ တည်ဆောက်ရေး၊ အသားစားနှင့် နို့စားနွားမွေးမြူရေး၊ အသားများအား အအေးခန်းတွင် ပြုပြင်အေးခဲပြီး နိုင်ငံခြားသို့ ကုန်ချောပို့ဆောင်ရေး၊ နွား၊ ကျွဲ၊ ဆိတ်၊ သိုး၊ နွားနောက်များအား မွေးမြူထိန်းသိမ်းပြုပြင်ပြီး နိုင်ငံခြားပို့ကုန်အမယ်သစ်များ ထုတ်လုပ်ပို့ဆောင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး လာရောက်တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၂

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

အဆိုပါတွေ့ဆုံပွဲသို့ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးလှမြင့်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်း၊ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဖေသိန်းတို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လူထုပူးပေါင်းစိုက်ပျိုးမှုမှသည် ရှင်သန်ဖြစ်ထွန်းရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေး

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်မျှတရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် နှစ်စဉ်မိုးရာသီ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ကြီးကြပ်မှု၊ ရပ်ကွက်/ကျေးရွာမှသည် ပြည်နယ်/တိုင်းဒေသကြီးအထိ အဆင့်ဆင့်သော ဌာနဆိုင်ရာကြီးကြပ်ရေးအဖွဲ့များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ဦးဆောင်စည်းရုံးမှု၊ ပြည်သူလူထုတစ်ရပ်လုံး၏ စိတ်အားထက်သန်တက်ကြွစွာ ပူးပေါင်းပါဝင်မှုဖြင့် ၂၀၁၁ ခုနှစ် မိုးရာသီတွင် ပျိုးပင်မျိုးစုံ ၆၄၃၂၉၅၅၀၊ တစ်နည်းအားဖြင့် ပျိုးပင် ၆၄ သန်းကျော် စိုက်ပျိုးတည်ထောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ ဝသန်ကာလမိုးရာသီကုန်ဆုံးပြီး ဆောင်းအခါနွေအကူး ခြောက်သွေ့ရာသီသို့ ကူးပြောင်းလာပြီ ဖြစ်သည်။ သို့ပါ၍ နိုင်ငံနှင့်ပြည်သူများအတွက် ထာဝစဉ်အကျိုးပြုစေပြီး ရာသီဥတုဖောက်ပြန်မှုကို ကာကွယ်တားဆီးရာတွင် အထောက်အပံ့ဖြစ်စေသော အဆိုပါ စိုက်ပျိုးပြီး သစ်ပင်များ ရှင်သန်ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတစ်ဝန်းရှိ ပြည်သူများအနေဖြင့် တာဝန်ရှိဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**

## ချင်းပြည်နယ် ကျောင်းသားအားကစားအဖွဲ့ အောင်နိုင်ရေးအလံပေးအပ်ပွဲ ဟားခါး၌ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

၂၀၁၁-၂၀၁၂ ပညာသင်နှစ် နေပြည်တော်တွင်ကျင်းပမည့် ကျောင်းသား အားကစားပွဲတော်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် ချင်းပြည်နယ်ကိုယ်စားပြု ကျောင်းသား အားကစားအဖွဲ့ အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားပြီး ချင်းပြည်နယ်ကိုယ်စားပြု ကျောင်းသားအားကစားအဖွဲ့ အောင်နိုင်ရေးအလံကို ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးရမ်မန်းက ပြည်နယ်ပညာရေးမှူး(စစ်ဆေး) ဦးအောင်ဆွေဦးထံပေးအပ်၍ ပြည်နယ်ကျောင်းသားအားကစားအဖွဲ့ခေါင်းဆောင် ဦးအောင်ဆွေဦးက အားကစားအဖွဲ့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့၏ လှူဒါန်းငွေကျပ် ၁၅၀၀၀၀ ကို ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးက လည်းကောင်း၊ ဌာနဆိုင်ရာများ၏ လှူဒါန်းငွေကျပ် ၂၀၀၀၀၀ ကို ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးညွန့်က လည်းကောင်း၊ မြို့မိ မြို့ဖများ၏လှူဒါန်းငွေကျပ် ၅၀၀၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆွေခန့်ထန်က လည်းကောင်း ပြည်နယ်ကျောင်းသား အားကစားအဖွဲ့ခေါင်းဆောင်ထံ ပေးအပ်လှူဒါန်းကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်မည့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ပေါင်းလောင်းအသင်း (ရန်ကုန်)၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ရွှေကျင်မြို့နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသား၊ အသင်းသူများ ကြွရောက်ကြပါရန်နှင့် အသက်(၈၀)ပြည့်ပြီး ဘိုးဘွားများ၊ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူး ဂုဏ်ထူးရပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အသင်းရုံး ဖုန်း-၅၀၂၅၃၅၊ ၅၂၆၆၇၄၊ ဦးမောင်ချစ် ဖုန်း-၅၄၀၀၃၄၊ ဦးညွန့်ဖေ ဖုန်း-၂၀၀၄၂၈၊ ၂၉၁၈၈၅၊ ဒေါ်ခင်ထွေးရီ ဖုန်း-၀၉-၇၃၂၀၆၆၅၅ တို့သို့ ဇန်နဝါရီ ၁ ရက် နောက်ဆုံးထားပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

## နိုင်ငံခြားရုပ်ရှင်ကားသစ်တင် မြန်မာဇာတ်ကား ဆက်လက်ပြသ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

နိုင်ငံခြားရုပ်ရှင် ဇာတ်ကားသစ် မျှော်လင့်နေကြသည့် ရုပ်ရှင်ချစ်ပရိသတ်များအတွက် ယခုအပတ် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် နေပြည်တော်ရုပ်ရှင်ရုံတွင် နိုင်ငံခြား ရုပ်ရှင်ကားသစ် THE TWILIGHT SAGA: BREAKING DAWNPART 1 ရုံတင်ပြသမည်ဖြစ်သည်။

လူသား မိန်းကလေးတစ်ဦးက သွေးစုပ်ဖုတ်ကောင်နှင့် လက်ထပ်မည်ကို ၎င်းမိန်းကလေး၏ မိတ်ဆွေလူယောင်ဆောင်ထားသည့် သမန်းဝံပုလွေ တစ်ကောင်က ဝင်ရောက်တားဆီးသော်လည်း မရဘဲ လက်ထပ်ပြီး သမီးကလေးတစ်ဦး မွေးဖွားကာ ၎င်းလူသားမိခင်ပါ သွေးစုပ်ဖုတ်ကောင်အဖြစ် ပြောင်းလဲသွားပုံကို ထူးခြားဆန်းပြားစွာ အထူးပြုလုပ်ချက်များဖြင့် ပရိသတ်စိတ်ဝင်စားဖွယ် ရိုက်ကူးပြသထားသည့် ဇာတ်ကားဖြစ်သည်။

ရှေ့ဆောင်ရုံတွင်မူ ပြသဆဲနိုင်ငံခြား ဇာတ်ကားသစ် THE ADVENTURES OF TIN TIN ဇာတ်ကားသစ် ဆက်လက်ပြသမည်ဖြစ်သည်။ နာမည်ကြီး ဒါရိုက်တာ စတီဗင်စပီးဘတ်၏ လက်ရာဖြစ်ပေရာ ပရိသတ်အကြိုက်တွေ့မည်ဟု မျှော်လင့်ရသည်။

ယခုအပတ် မြန်မာဇာတ်ကားသစ် ရုံတင်ခြင်းမရှိဘဲ နေတိုး၊ ကျော်ကျော်ဗို၊ အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်သည့် ချိန်းမြန်မာကားသစ်သာသမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် TOP ROYAL ရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။ မြို့လယ်ဝဇီရာရုံ စံပြ၊ ရွှေမန်း၊ သီတာနှင့် ဝဇီရာ ၂ တို့တွင် ချောကလက်ဘေဘီဇာတ်ကား ပြသ မည်ဖြစ်သည်။

ဒီဗီဒီဇာတ်ကားသစ် ကြည့်လိုသော ပရိသတ်များအတွက်မူ ဒါရိုက်တာ ဝါဝါဝင်းရွှေ၏ ခြိမ်းခြိမ်းချစ်ဇာတ်ကားကို မြို့လယ်ဆုထူးပန်ရုံနှင့် အားအားယားယားဇာတ်ကားကို ရွှေဗဟို၊ ဘုရင့်နောင်နှင့် မြရတနာရုံတို့တွင် ပြသမည်ဖြစ်သည်။



**ချိန်း ရုပ်ရှင်ဇာတ်ကားမှ နေတိုးနှင့် အိန္ဒြာကျော်ဇင်။**

## မူးယစ်ဆေးဝါးတားဆီးရေး အသိပညာပေး ဟောပြော

**ညောင်လေးပင် ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့ မှူခင်းပညာပေး၊ မူးယစ်ဆေးဝါး တားဆီးရေးနှင့် လူကုန်ကူးမှု တားဆီးရေး အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၁၄ ရက်တွင် အထက(၁) ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင်အောင် **(ယာပုံ)** က အမှာစကား ပြောကြားပြီး မူးယစ်အထူးတပ်ဖွဲ့မှ ရဲအုပ်ကျော်ဆွေဦးနှင့် ရဲအုပ်မောင်မောင်ဝင်းတို့က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် လူကုန်ကူးမှုဆိုင်ရာများ ဟောပြောကြောင်း သိရှိရသည်။ (၅၆၈)



## မော်တော်ယာဉ်များ မီးလောင်မှုသတိပြု

မော်တော်ယာဉ်များအသုံးပြုရာတွင် မောင်းနှင်နေစဉ်နှင့်ရပ်ထားစဉ် ဝါယာရှော့ဖြစ်ခြင်း၊ ကားဂက်(စ်) အိုးအဝင်ပိုက်ဆက်ပြုတ်ရာမှ ဒိုင်နမိုနှင့်ထိ၍ မီးလောင်ခြင်း၊ စက်နှိုးထားစဉ် ဆီထည့်ခြင်း၊ ကာပရိုက်တာ ဆီလျှံခြင်း၊ ကားခေါင်းခန်းအတွင်း ခြင်ဆေးခွေထွန်းခြင်း၊ ပူပြင်းသောရာသီကာလ နေ့လယ်ပိုင်းတွင် ပလတ်စတစ်ပုံးများဖြင့် ဆီလှယ်ခြင်း၊ ညအချိန်ကားပြင်နေစဉ် ဖယောင်းတိုင်မီးဖြင့်ကြည့်ရှုခြင်း၊ ဆီထည့်နေစဉ် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းနှင့် မီးပွားထွက်နိုင်သည့်နေရာများတွင် ဆီထည့်ခြင်းတို့ကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ကာ မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် ဖော်ပြပါအချက်များ မဖြစ်ပေါ်စေရေးအတွက် သတိပြုရှောင်ကြဉ်ကြရန်၊ မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူငြိမ်းသတ်နိုင်သော ဓာတုဗေဒပေါင်းဒါမှုန့်ခြောက် မီးသတ်ဆေးဘူး (Dry Chemical Powder) အား မော်တော်ယာဉ်တိုင်းတွင် အသင့်ဆောင်ထားသင့်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**မီးသတ်ဦးစီးဌာန**



ဥဇဘက်ကစ္စတန်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသသို့ ဦးတည်နေသည့် ရထားလမ်း၌ လုံခြုံရေးစောင့်ကြပ်နေသော အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး။ (ဓာတ်ပုံ-အင်တာနက်)

# နေတိုးတပ်ဖွဲ့များအတွက် ထောက်ပို့လမ်းအဖြစ် အာဖဂန်နစ္စတန်၌ ရထားလမ်းသစ်ဖွင့်လှစ်

ကဘူး ဒီဇင်ဘာ ၂၂

**အာဖဂန်နစ္စတန်နိုင်ငံ၌ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့များအတွက် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးလမ်းအဖြစ် ရထားလမ်းသစ်တစ်လမ်းကို ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း သတင်းဌာနများက ဒီဇင်ဘာ ၂၂ရက်တွင် သတင်းထုတ်ပြန်သည်။**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း မာဇာရီရှရစ်ဖ်မြို့၌ ဘူတာရုံသစ်တစ်ရုံ ဖွင့်လှစ်ခဲ့ပြီး ယင်းဘူတာရုံမှတစ်ဆင့် ဥဇဘက်ကစ္စတန်နိုင်ငံနှင့် ထိစပ်နေသောနယ်စပ်ဒေသသို့ ရထားခရီးစဉ်ဖြင့် ဆက်သွယ်နိုင်ပြီဖြစ်သည်။ နယ်စပ်ဒေသသို့ ဆက်သွယ်သော ရထားလမ်းမှာ ၄၇ မိုင် ရှည်လျားသည်။

နယ်စပ်ဒေသသို့ ဆက်သွယ်သော ရထားလမ်းသစ်ကို ဒီဇင်ဘာ ၂၁ရက်က ဖွင့်လှစ်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံသည် ပါကစ္စတန်နိုင်ငံနှင့် ဆက်ဆံရေးထိခိုက်ခဲ့ရပြီးနောက် နေတိုးတပ်ဖွဲ့များအတွက် ပါကစ္စတန်နိုင်ငံမှတစ်ဆင့် အသုံးပြုနေသော ထောက်ပို့လမ်းကြောင်းကို အစားထိုးနိုင်ရန် နယ်စပ်ဒေသနှင့် ဆက်သွယ်နိုင်သော ရထားလမ်းသစ်ကို ဖွင့်လှစ်ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် လွန်ခဲ့သည့်လက နေတိုးတပ်ဖွဲ့များထံပေးပို့မည့် ထောက်ပံ့ရေးလမ်းကြောင်းကို ပိတ်ထားခဲ့သည်။ နိုဝင်ဘာ ၂၆ ရက်တွင် နေတိုးတပ်ဖွဲ့က ပါကစ္စတန်ကြည်းတပ်ကင်းစခန်းတစ်ခုကို တိုက်ခိုက်ခဲ့ရာမှ ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ဦးသေဆုံးခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ဆက်ဆံရေးတင်းမာမှုများ ဖြစ်ပေါ်ခဲ့သည်။

**အင်တာနက်။**

# အမေရိကန်လုပ် အက်ဖ်-၁၆တိုက်လေယာဉ် ဖိလစ်ပိုင်နိုင်ငံ ဝယ်ယူရန်လိုလား

**မနီလာ ဒီဇင်ဘာ ၂၂**

ဖိလစ်ပိုင်နိုင်ငံသည် ကာကွယ်ရေးစွမ်းပကားး မြှင့်တင်နိုင်ရန်ရည်ရွယ်လျက် အမေရိကန်လုပ်အက်ဖ်-၁၆ တိုက်လေယာဉ်များ ဝယ်ယူရန်လိုလားကြောင်း နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘတ်ရိုဆာရီယိုက ဒီဇင်ဘာ ၂၁ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ကာကွယ်ရေးစွမ်းပကားအရ ခေတ်နောက်ကျနေဆဲဖြစ်ကြောင်း ရိုဆာရီယိုက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်အတွင်း ကမ်းရိုးတန်းစောင့်တပ်ဖွဲ့သုံး တစ်ပတ်ရစ် စစ်ရေယာဉ်တစ်စင်းကို အမေရိကန်နိုင်ငံထံမှ ဝယ်ယူခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် မွမ်းမံပြင်ဆင်ထားသော အလားတူစစ်ရေယာဉ်နှစ်စင်းကို ထပ်မံဝယ်ယူရန် စီစဉ်ထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် တိုက်လေယာဉ်များဝယ်ယူရန်ဆန္ဒရှိသည်ဟု ၎င်းက ပြောကြားသော်လည်း အသေးစိတ်ကို မသိရပေ။

ဖိလစ်ပိုင်နိုင်ငံ၏ ပိုင်နက်နယ်မြေလုံခြုံရေးအတွက် လက်နက်ကိုင်တပ်ဖွဲ့များ၏စွမ်းပကားများကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**အင်တာနက်။**

# ဖူကူရှီးမားနျူစက်ရုံ အဏုမြူယိုစိမ့်မှုဖြစ်ရပ်နောက်ပိုင်း အမေရိကန်၌ ရေဒီယိုသတ္တိကြွမှုနှင့် ဆက်နွယ်သော သေဆုံးမှုရှိ

ဝါရှင်တန် ဒီဇင်ဘာ ၂၂

**ဂျပန်နိုင်ငံရှိ ဖူကူရှီးမားနျူကလီးယားစက်ရုံ၌ အဏုမြူယိုစိမ့်မှုဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်နိုင်ငံ၌ ရက်သတ္တ ၁၄ပတ်အတွင်း ရေဒီယိုဓာတ်သတ္တိကြွမှုနှင့် ဆက်နွယ်သော သေဆုံးသူ ၁၄၀၀၀ခန့်ရှိသည်ဟု ခန့်မှန်းရကြောင်း သိပ္ပံရေးရာလေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။**

ယခုနှစ် နိုဝင်ဘာလထုတ် နိုင်ငံတကာကျန်းမာရေးလုပ်ငန်းများဂျာနယ်၌အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

ယခုနှစ် မတ်လအတွင်း ဂျပန်နိုင်ငံ၌ မြေငလျင်လှုပ်ခဲ့မှုကြောင့် ဖူကူရှီးမားနျူကလီးယား ဓာတ်အားပေးစက်ရုံ၌ အဏုမြူယိုစိမ့်မှု ဖြစ်ပေါ်ခဲ့သည်။

၂၀၁၀ပြည့်နှစ် အလားတူကာလက ရှိခဲ့သောအခြေအနေနှင့် နှိုင်းယှဉ်ပါက သေဆုံးသူဦးရေ ၄ဒသမ ၄၆ရာခိုင်နှုန်း မြင့်တက် လာခဲ့ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံ၌ ဓာတ်ပေါင်းဖိုယိုစိမ့်မှုဖြစ်ပွားခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်ခန့်အကြာတွင် အဏုမြူစက်ရုံ၏ကောင်းကင်ယံမှ လွင့်မျောလာသော အဏုမြူမီးခိုးမှိုင်းတိမ်တိုက်သည် အမေရိကန် ပင်လယ်ကမ်းရိုးတန်းဒေသသို့ ရောက်ရှိလာခဲ့သည်ဆို၏။

အမေရိကန်နိုင်ငံတစ်ဝန်းလုံး လေထု၊ ရေထုနှင့် ရေထုလွှာတို့အတွင်း ဓာတ်ရောက်ခြည်ပါဝင်မှုပမာဏသည် ပုံမှန်အခြေအနေထက် ရာပေါင်းများစွာ မြင့်တက်နေသည်ကို ယင်းနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီက စစ်ဆေးတွေ့ရှိခဲ့သည်။

**အင်တာနက်။**



ဂျပန်နိုင်ငံရှိ ဖူကူရှီးမား နျူကလီးယားစက်ရုံ။ (ဓာတ်ပုံ-အင်တာနက်)



# ကြားဖြတ်ဟန့်တားရေး ဒုံးလက်နက်သစ် ရုရှားနိုင်ငံ၌ အောင်မြင်စွာ စမ်းသပ်

မော်စကို ဒီဇင်ဘာ ၂၂

**ရုရှားနိုင်ငံသည် ဒုံးလက်နက်ကာကွယ်ရေးနှင့် ဒိုင်းလွှားတည်ဆောက်ရေး အစီအစဉ်အရ ကြားဖြတ်ဟန့်တားရေး ဒုံးလက်နက်သစ်ကို အောင်မြင်စွာစမ်းသပ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၂၂ရက်တွင် ရေးသားဖော်ပြသည်။**

တာတိုပစ် ကြားဖြတ်ဟန့်တားရေး ဒုံးလက်နက်ကို ကာဇက်စတန်နိုင်ငံရှိ ဒုံးခွင်းဒုံးစမ်းသပ်ရေးကွင်းမှ ပစ်လွှတ်ခဲ့ကြောင်း နိုဗိုစတီသတင်းဌာနက ဒီဇင်ဘာ ၂၁ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တို့၏ ဒုံးလက်နက် ကာကွယ်ရေးဆိုင်ရာဆွေးနွေးပွဲမှာ သဘောတူညီမှုမရဘဲ ဆိုင်းငံ့ထားရသည်။

ရုရှားနိုင်ငံကလီနင်ဂရက်ဒေသ၌နည်းဗျူဟာသုံးဒုံးလက်နက်များ ဖြန့်ကြက်သွားမည်ဟု သမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ်က ခြိမ်းခြောက်ပြောဆိုခဲ့သည်။

ဥရောပ ဒုံးလက်နက်ကာကွယ်ရေးစနစ် တစ်ရပ်နှင့် ပတ်သက်၍နေတိုးအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ရန် ရုရှားနိုင်ငံက လွန်ခဲ့သည့်နှစ်တွင် သဘောတူညီခဲ့သည်။ သို့ရာတွင် အမေရိကန်နိုင်ငံက ကျောထောက်နောက်ခံပြုပေးထားသောဥရောပဒုံးလက်နက် ကာကွယ်ရေးစနစ်သည် ရုရှားနိုင်ငံကို ဦးတည်ခြင်းမရှိပါဟု ကတိကဝတ်ပေးရန် ရုရှားကတောင်းဆိုခဲ့သည်။

ဥရောပဒုံးလက်နက်ကာကွယ်ရေးစနစ်သည်အီရန်နှင့်မြောက်ကိုရီးယားတို့၏ ဘေးအန္တရာယ်မှကာကွယ်ရန် ရည်ရွယ်သည်ဟု အမေရိကန်က ပြောကြားခဲ့သည်။

**အင်တာနက်။**

# ဟောင်ကောင်၌ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်တွေ့ရှိ ပြည်ပမှ ကြက်ငှက်အရှင် တင်သွင်းမှု ဆိုင်းငံ့ထား

**ဟောင်ကောင် ဒီဇင်ဘာ ၂၂**

တရုတ်နိုင်ငံ ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးကို ကြက်ငှက်သုံးကောင်၌ ရှာဖွေတွေ့ရှိခဲ့ရပြီးနောက် ကြက်ကောင်ရေ ၁၇၀၀၀ ကို ဒီဇင်ဘာ ၂၁ရက်တွင် ရှင်းလင်းသုတ်သင်လိုက်ရကြောင်း၊ ပြည်ပမှ ကြက်ငှက်အရှင်တင်သွင်းမှုကို ၂၁ရက်ကြာဆိုင်းငံ့ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဟောင်ကောင်ရှိ လက်ကားဈေးကြီးတစ်ဈေးမှ ကြက်တစ်ကောင်နှင့် ဘာသာဘာဝကျက်စားနေထိုင်သော ငှက်နှစ်ကောင်တို့၌ ကြက်ငှက်တုပ်ကွေးရောဂါအား ဖြစ်ပေါ်စေသော $H_5N_1$ ဗိုင်းရပ်စ်ပိုးကို စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ကျန်းမာရေးဌာနက ယင်းရောဂါဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာအစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ဘေးအန္တရာယ်ကို သတိမူကြစေရန် ကျန်းမာရေးဌာနက နှိုးဆော်ထားသည်။

ကြက်ငှက်တုပ်ကွေးရောဂါကြောင့် မွေးမြူရေးဆိုင်ရာကုန်သွယ်ရေးလုပ်ငန်းကို ထိခိုက်နိုင်ဖွယ်ရှိကြောင်း ကျန်းမာရေးဌာနအကြီးအကဲ ယော့ဂျိုးက ပြောကြားသည်။

ဟောင်ကောင်ရှိ မွေးမြူရေးအစားအစာ လက်ကားဖြန့်ချိရေးဈေးကြီးရှိ ကြက်ငှက်များအားလုံးကို သတ်ဖြတ်ကာ ရှင်းလင်းသုတ်သင်ခဲ့သည်။

**အင်တာနက်။**

# မြို့တော်ဘဂ္ဂဒက်၌ ဗုံးအများအပြားပေါက်ကွဲ ၆၃ဦး သေဆုံးပြီး ၁၈၅ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၂

**အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ ဒီဇင်ဘာ ၂၂ရက်က ဗုံးအများအပြား ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၆၃ဦးသေဆုံးခဲ့ရပြီး ၁၈၅ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

ဒီဇင်ဘာ ၂၂ရက် နံနက်ပိုင်းတွင် နေရာကိုးနေရာ၌ ဗုံး ၁၀လုံးပေါက်ကွဲခဲ့ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဇီယက်တာရစ်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့လယ်ရှိ ရပ်ကွက်များ၌ တစ်သီတစ်တန်းဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

အီရတ်နိုင်ငံ၌ နိုင်ငံရေးအရ တင်းမာမှုများပေါ်ပေါက်နေချိန်တွင် ဗုံးခွဲတိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့သည်။

အီရတ်ပြည်ထဲရေးဝန်ကြီးဌာနသည် ဒီဇင်ဘာ ၁၉ရက်က ဒုတိယသမ္မတ တာရစ်အယ်ဟာရှီမီအား ဖမ်းဝရမ်း ထုတ်ခဲ့သည်။

အီရတ်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်များအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် ဒုတိယသမ္မတက မိမိတို့ကို ညွှန်ကြားခဲ့သည်ဟု ၎င်း၏ကိုယ်ရံတော်သုံးဦးက ဝန်ခံပြောဆိုခဲ့ပြီးနောက် ဖမ်းဝရမ်းထုတ်ခြင်းဖြစ်သည်။

သို့ရာတွင် အကြမ်းဖက်မှုလုပ်ရပ်များ၌ မိမိပါဝင်ပတ်သက်ခြင်းမရှိဟု ဟာရှီမီကပြောကြားခဲ့သည်။

ထိုစဉ်အတွင်း အီရတ်ပါလီမန်၌ အကွဲအပြဲတစ်ရပ်ပေါ်ပေါက်ခဲ့သည်။ ပါလီမန်အမတ်နေရာ ၃၂၅နေရာအနက် ၈၂နေရာကို ရယူထားသော အီရတ်ကီယာပါတီသည် ပါလီမန်၌ ပါဝင်ဆောင်ရွက်မှုကို ဆက်လက်ပြုလုပ်တော့မည် မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းပါတီသည် ဝန်ကြီးချုပ်မာလီကီ၏ လွှမ်းမိုးမှုကို ဆန့်ကျင်လျက်ရှိသည်။

**အင်တာနက်။**



ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိစေရန် တာဝန်ရှိသူများ ဆောင်ရွက်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကော့ကေးဆပ်ဒေသဖြတ်ရထားလမ်း ၂၀၁၃ခုနှစ်အစောပိုင်း၌ ဖောက်လုပ်ပြီးစီးမည်

**တီဘီလီစီ ဒီဇင်ဘာ ၂၂**

ကော့ကေးဆပ်ဒေသဖြတ် ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၁၃ခုနှစ်အစောပိုင်းတွင် ပြီးဆုံးမည်ဖြစ်ကြောင်း အဇာဘိုင်ဂျန်-ဂျော်ဂျီယာ စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးကော်မရှင်က ဒီဇင်ဘာ ၂၁ရက်တွင် ပြောကြားသည်။

ကော့ကေးဆပ်ဒေသဖြတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းသည် ယခုအခါ နောက်ဆုံးအဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း အဆိုပါကော်မရှင်က ပြောကြားသည်။

၂၀၁၃ခုနှစ် နှစ်ဦးပိုင်း၌ တီဘီလီစီ-ခါးစ်ရထားလမ်း ဖောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အဇာဘိုင်ဂျန်၊ ဂျော်ဂျီယာနှင့်တူရကီနိုင်ငံတို့သည် ဘာကူး-တီဘီလီစီ-ခါးစ်ရထားလမ်းဖောက်လုပ်ရန် ၂၀၀၇ခုနှစ်တွင် သဘောတူညီခဲ့ကြသည်။ အဆိုပါရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းအတွက် အဇာဘိုင်ဂျန်နိုင်ငံက အမေရိကန်ဒေါ်လာသန်း ၂၂၀ ဘဏ္ဍာငွေ ထောက်ပံ့ပေးခဲ့သည်။

ယင်းရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို ၂၀၁၀ ပြည့်နှစ်၌ပြီးစီးရန် ကနဦးတွင်လျာထားခဲ့သည်။ သို့ရာတွင် ၂၀၀၈ ခုနှစ်တွင် ဂျော်ဂျီယာနှင့် ရုရှားနိုင်ငံအကြား ပဋိပက္ခဖြစ်ပေါ်ခဲ့သဖြင့် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှာ နှောင့်နှေးကြန့်ကြာခဲ့သည်။

**အင်တာနက်။**

# မန္တလေးမြို့၌ ဗုဒ္ဓမြတ်စွယ်တော် ၁၅ ရက်မြောက် ဖူးမြော်ကြည်ညိုခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံးစံပယ်အပူဇော်ခံလျက်ရှိရာ ၁၅ ရက်မြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း နံနက်ပိုင်းမှ ညပိုင်းအထိ မန္တလေးမြို့ပေါ်နှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ အထူးစည်ကားများပြားစွာ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

မြတ်စွယ်တော် ဖူးမြော်လာရောက်ကြသည့် ရဟန်းရှင်လူပြည်သူများအား အောင်မြေသာစံမြို့နယ် မန်း-စစ်သည် အမြန်ယာဉ်ငယ်အသင်းက နံနက် ၆ နာရီမှ ညပိုင်းအထိ ဘုရားကြီး-နန်းရှေ့-အောင်ပင်လယ်-ဗုဒ္ဓမြတ်စွယ်တော် ခရီးစဉ်ကို ယာဉ်စီးခ အခမဲ့ ကုသိုလ်ယူပို့ဆောင်ပေးကြသည်။

အလှူခံဌာနများသို့ အလှူငွေနှင့်ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများ လာရောက်လှူဒါန်းလျက်ရှိရာ ဦးစိုင်းဝင်းမြင့်-ဒေါ်ဆွေဆွေအေး မိသားစုက ငွေကျပ် ၁၁ သိန်း၊ မန္တလေးမြို့နေ ဦးဝင်းဇော်-ဒေါ်ဌေးဌေးအောင်၊ သား မောင်သာဒင်ဇော်၊ သမီး နှင်းရဝေအောင်၊ ဖြူစင်ဝေအောင်(နောင်ရိုးဆောက်လုပ်ရေး) မိသားစုက ငွေကျပ်ဆယ်သိန်း ခုနစ်သောင်းလေးထောင်အပါအဝင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် ကန့်ဘလူမြို့နေ ဦးမျိုးဝင်းထွန်း-ဒေါ်လှလှမော် မိသားစုက ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ နီလာကရောင်းကြိုး တစ်ခု၊ နီလာလက်စွပ် တစ်ကွင်း၊ ပတ္တမြား ၁၆ ပွင့်၊ မန္တလေးမြို့ မင်းတဲအီကင်းရပ်နေ ဦးအေးရွှေ-ဒေါ်ခင်မမ(ရွှေမြင့်မိုရ် သစ်ခွဲစက်) သားသမီးမြေးတစ်စုက ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ ရွှေဘီး တစ်ခု၊ ကျောက်ဖြူလက်စွပ် တစ်ကွင်း၊ ကျောက်စိမ်းလက်စွပ် တစ်ကွင်း၊ နီလာဆွဲသီး တစ်ခု၊ မုံရွာမြို့နေ ဒုတိယပိုလ်မှူးကြီး ကိုကိုဦး-ဒေါ်ထားထားဦး မိသားစုက ငွေကျပ် ၁၇ သိန်းတန်ဖိုးရှိ ကျောက်စိမ်း+စိန်လက်စွပ် တစ်ကွင်း၊ မန္တလေးမြို့ လမ်း(၈၀)နေ ဦးကျော်စိုးလှိုင် မိသားစုက ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ရွှေဟမ်းချိန်း တစ်ခု၊ မန္တလေးမြို့နေ ဒေါ်ရွှေယဉ်၊ သမီး ဒေါက်တာစောနုနုလှိုင်၊ ဒေါက်တာထွေးထွေးလှိုင်တို့က ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ပတ္တမြားလက်စွပ်တစ်ကွင်း အပါအဝင် အလှူရှင်များက ရွှေ၊ ငွေ၊ ကျောက်မျက်လက်ဝတ်ရတနာများကို လာရောက်လှူဒါန်းကြရာ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်းနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယနေ့ ညနေ ၅ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၁၅၉၂၅၄၈၆၃၄ ကျပ်၊ အမေရိကန်ဒေါ်လာ ၁၂၀၂၉၊ ယူရိုငွေ ၃၂၅၊ ထိုင်းဘတ် ၁၂၇၄၀၊ စင်ကာပူဒေါ်လာ ၁၆၆၁ ဒသမ ၅၀၊ တရုတ်ယွမ်ငွေ ၁၄၁၇၃ ဒသမ ၁၉၊ မလေးရှားရင်းဂစ် ၁၁၃၈၊ အက်ဖ်အီးစီ ယူနစ် ၇၄၃၊ အိန္ဒိယရူပီး ၂၀၁၈၊ အီဂျစ်ပေါင်ငွေ ၆၀၊ ကိုရီးယား ဝမ် ၁၄၀၀၀၀၊ ဖိလစ်ပိုင် ပီဆို ၂၂၀၊ ဗီယက်နမ်ဒေါင် ၈၈၈၉၀၀၊ အင်ဒိုနီးရှား ရူပီး ၂၉၂၂၃၂၊ ဂျပန်ယန်းငွေ ၅၀၀၀၊ အင်္ဂလန်ပေါင်ငွေ ၅၊ ကမ္ဘောဒီးယား ရီယဲလ်ငွေ ၂၄၁၀၀၊ တောင်အာဖရိက ရန်ငွေ ၈၀၊ ဩစတြေးလျဒေါ်လာ ၁၀၀၊ ဟောင်ကောင် ဒေါ်လာ ၁၁၀၊ ရုရှားရူဘယ် ၆၇၀၊ လာအိုကစ်(ပ်) ၁၈၄၀၀၀ နှင့် ရွှေငွေကျောက်မျက် လက်ဝတ်ရတနာမျိုးစုံ ၇၅၇၁ ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၂၅၄၅၅၉၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)



**ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။**

(သတင်းစဉ်)



**အင်းလျားကန်ဖျားကျောင်းတိုက်အတွင်း တည်ဆောက်ဆဲ ဖေယျသိဒ္ဓိသိမ်ကျောင်းအတွက် ဦးဘမောင်(ဦးဓမ္မိက)၊ ဒေါ်နှင်းရီ၊ ဦးခင်မောင်တိုး၊ ဦးခင်မောင်ရိုးတို့ကို ရည်စူး၍ အနောက်ရွှေဂုံတိုင်နေ ဒေါ်လှမြိုင်က အလှူငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

## စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လာရောက်ထုတ်ယူနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စေတနာရှင် ပြည်သူများက လှူဒါန်းပေးထားသော စာအုပ်စာစောင်များကို အနယ်နယ်အရပ်ရပ်ရှိ စာကြည့်တိုက်များသို့ ပြန်လည်ဖြန့်ဝေလှူဒါန်းပေးမည်ဖြစ်သဖြင့် မိမိတို့စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ရယူလိုပါက မိမိတို့မြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများ၏ ထောက်ခံချက်နှင့်အတူ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း - ၃၉၈၇၅၆ သို့ ကိုယ်စားလှယ်စေလွှတ်၍ လာရောက်ဆက်သွယ်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ရွှေတောင်မြို့၌ ပျံကျဈေးသည်များအား ချေးငွေထုတ်ချေး

**ရွှေတောင် ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သော ပျံကျဈေးသည်များအား ချေးငွေထုတ်ချေးခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့်နှင့် ဦးထွန်းထွန်းဦး၊ အမှုဆောင်အရာရှိ ဦးဟန်ရှိန်တို့က ပျံကျဈေးသည် ၁၀၀ တို့အား ငွေကျပ်သိန်း ၃၀ ကို ပျံကျဈေးသည်တစ်ဦးချင်းသို့ ချေးငွေပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြပ်မတ်စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မော်တော်ဆိုင်ကယ်များကြောင့် ဖြစ်ပွားရသော ယာဉ်မတော်တဆမှုများ၊ ဒဏ်ရာရသေဆုံးမှုများ လျော့နည်းကျဆင်းစေရန်အတွက် နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မြို့တွင်း/အဝေးပြေး)တို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် ဒီဇင်ဘာ ၁၆ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များ၌ စစ်ဆေးအရေးယူမှုများ ဆောင်ရွက်ခဲ့သည်။ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးစောလှနှင့် ကော်မတီဝင်များသည် အဆိုပါစစ်ဆေးအရေးယူမှုများကို လိုက်လံစစ်ဆေးကြပ်မတ်၍ ဥပဒေစည်းကမ်းနှင့်အညီ မောင်းနှင်ခြင်းမရှိသော မော်တော်ဆိုင်ကယ်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် ရှင်းလင်းမှာကြားခဲ့သည်။ (သတင်းစဉ်)

**စာပေမြင့်မှ လူမျိုးတင့်မည်**



**ရန်ကုန်မြို့ တာမွေမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်က အထက(၅) တာမွေ၌ ကျင်းပစဉ်။**

(ကြေးမုံ)

## မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** တနင်္သာရီတိုင်းဒေသကြီးတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (၂) ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

## မန္တလေးကုန်စည်ဈေးနှုန်း

(၂၂-၁၂-၂၀၁၁)

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၆၉၂၀၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၆၉၀၀၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၂၁၀၀၀ |

**ဆန်ဈေး**
**(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဇီယာ(ဟောင်း) | ၂၁၅၀၀ |
| ဇီယာ(သစ်) | ၁၅၅၀၀ |
| ငစိန် | ၁၃၀၀၀/၁၄၀၀၀ |
| ဧရာမင်း(ဟောင်း) | ၂၅၀၀၀/၂၆၀၀၀ |
| သုခ-မတ္တရာ | ၁၂၅၀၀/၁၃၀၀၀ |
| ရွှေသွယ် | ၁၁၅၀၀/၁၂၀၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၃၀၀၀/၃၆၀၀ |
| နှမ်းဆီ | ၂၄၀၀/၂၄၅၀ |
| ပန်းနှမ်းဆီ | ၂၆၀၀/၂၆၅၀ |
| နေကြာဆီ | ၂၃၀၀/၂၄၀၀ |
| မုန်ညင်းဆီ | ၂၇၀၀/၂၇၀၀ |
| ပဲပုပ်ဆီ | ၁၉၀၀/၁၉၅၀ |
| ဝါစေ့ဆီ | ၁၇၀၀/၁၇၅၀ |
| စားအုန်းဆီ | ၁၈၁၀/၁၈၂၀ |
| ကြက်ဆူဆီ | ၃၀၀၀ |

**စက်သုံးဆီ**

| | |
|---|---|
| ရေနံစိမ်း(တစ်စည်) | ၁၀၇ ဒသမ ၅၃ ဒေါ်လာ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၂၅၀၀/၄၄၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၃၄၀၀/၃၆၀၀ |

(၀၀၂)

# အဝလွန်ပြဿနာ

**ဒေါက်တာကံညွန့်**

အမေရိကန်နိုင်ငံမှာ လူအသေရဆုံးရောဂါဟာ နှလုံးရောဂါဖြစ်ပြီး တစ်နှစ်မှာ လူပေါင်း ၂ ဒသမ ၄ သန်း သေဆုံးနေရတယ်လို့ သိရပါတယ်။ ဒါဟာ တစ်နေ့ကို လူ ၂၅၀၀ သေနေရတဲ့ သဘောပါ။ နှလုံးရောဂါရှိသူ ၂ ဒသမ ၇ ဦးမှာ တစ်ဦး သေနေရပြီး နိုင်ငံတစ်ဝန်းတွင် လူပေါင်း ၇၁ သန်းမျှ နှလုံးရောဂါခံစားနေရတယ်လို့ ဆိုပါတယ်။ ဒီအထဲက သုံးပုံနှစ်ပုံဟာ အသက်(၆၅)နှစ်အရွယ်အောက်ဖြစ်တယ်လို့ ၂၀၀၆ ခုနှစ်ထုတ် အမေရိကန်နှလုံးရောဂါအသင်းကြီးရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

နှလုံးရောဂါကိုကာကွယ်ဖို့ သက္ကရာဇ် ၂၀၀၀ မတိုင်ခင် နှစ်တွေကတော့ ကျန်းမာရေးရဲ့ အဓိကပြဿနာမှာ ဆေးလိပ်သောက်ခြင်းကို တားဆီးဖို့ အလေးထားခဲ့ကြပါတယ်။ ဒါပေမယ့် ယခု ၂၀၀၀ ခုနှစ်နောက်ပိုင်းမှာတော့ အဝလွန်ပြဿနာကို အဓိကထားရပါတော့တယ်။ ဒါဟာ ဘာကြောင့်လဲဆိုရင် အဝလွန်ခြင်းဟာ လူကြီးရော ကလေးမှာပါ တိုးတက်ဖြစ်ပေါ်လာခြင်းကြောင့်ပါပဲ။ ဆေးလိပ်သောက်ခြင်းဟာ နှလုံးနှင့် သွေးကြောရောဂါ၊ ကင်ဆာရောဂါကို အဓိကဖြစ်ပေါ်စေနိုင်ပြီး အဝလွန်ခြင်းကတော့ ယင်းရောဂါတွေအပြင် Metabolic Disease လို့ခေါ်တဲ့ အဓိက ဆီးချို ရောဂါပါဝင်တဲ့ ရောဂါ Sleep Apnea ခေါ်တဲ့ အိပ်ရင်းအသက်ရှူလမ်းကြောင်းပိတ် ရောဂါတွေကိုလည်း ဖြစ်ပေါ်နိုင်လို့ပါပဲ။

အမှန်တော့ အဝလွန်ခြင်းဟာ အခုမှပေါ်လာတဲ့ ရောဂါမဟုတ်ပါဘူး။ မှတ်တမ်းများအရ အလွန်ရှေးကျတဲ့ BC 400 ကပဲ ဂရိဆေးပညာရှင်ကြီး Hippocrates သတိပေးထားခဲ့တာပါ။ သူက ချက်ချင်းသေခြင်းဟာ ပိန်သူထက် ဝသူမှာ ပိုဖြစ်နိုင်တယ်လို့ သတိပေးရေးသားခဲ့ပါတယ်။

**အဝလွန်တာကို ဘယ်လိုသတ်မှတ်သလဲ**

Body Weight ကို Kilogram နဲ့ ချိန်လိုက်ပါ။ အရပ်ကို Centimeter နဲ့ တိုင်းလိုက်ပါ။ ရတဲ့ အလေးချိန်ကို အရပ်ရဲ့ နှစ်ဆနဲ့ စားလိုက်ပါ။ Body Mass Index(BMI) လို့ အတိုကောက်ခေါ်တဲ့ ကိုယ်အလေးညွှန်းကိန်းဆိုတာ ထွက်လာပါလိမ့်မယ်။)

$$\frac{\text{ကိုယ်အလေးချိန်(ကီလိုဂရမ်)}}{\text{အရပ်(စင်တီမီတာ)}^{2}} = \text{BMI}$$

အဲဒီတွက်လိုက်လို့ ထွက်လာတဲ့အဖြေကို အောက်ပါဇယားနှင့် တိုက်ကြည့်လိုက်ပါ-

| | | |
|---|---|---|
| - Under Weight(ကိုယ်အလေးချိန်နည်းသူ) | | < 18.5 |
| - ပုံမှန်အလေးချိန်ရှိသူ(Normal) | | 18.5-24.9 |
| - Over Weight (ဝနေသူ သို့မဟုတ် ကိုယ်အလေးချိန်များသူ) | | 25-29.9 |
| - Obese(အဝလွန်သူ) | I | 30-34.9 |
| | II | 35-39.9 |
| | III | >40 |

ဒီဇယားအတိုင်း အဝလွန်၊ မလွန်ကို တိုက်ကြည့်နိုင်ပါတယ်။

နောက် လွယ်လွယ်နဲ့တိုင်းနိုင်တဲ့ နည်းကတော့ ခါးအတိုင်းပါပဲ။ ယောကျ်ားမှာဆိုရင် ၉၄ စင်တီမီတာ(လက်မ ၄၀)၊ မိန်းမမှာဆိုရင် ၈၀ စင်တီမီတာ(၃၅ လက်မ) ထက်ပိုရင် အဝလွန်နေပြီး ကျား ၁၀၂ စင်တီမီတာ၊ မ ၈၈ စင်တီမီတာထက်ပိုရင်တော့ သတိထားရမယ့်အခြေအနေဆိုတာ သိရပါတယ်။ ခါးအဝလွန်သူတွေကတော့ ဗိုက်အတွင်းက ကိုယ်ခန္ဓာရှင်သန်ရေးအတွက် အလုပ်လုပ်နေရတဲ့ အစာအိမ်၊ အူ၊ ကျောက်ကပ်၊ အသည်းစတဲ့ အရေးကြီးတဲ့အစိတ်အပိုင်းတွေ ဝန်းကျင်မှာ အဆီများနေတဲ့သဘောပါ။ Visceral Adiposity လို့ ခေါ်ပါတယ်။ ဒီလိုလူတွေမှာ ဆီးချိုနှင့် နှလုံးရောဂါကို ပိုသတိထားရပါတယ်။

**ကမ္ဘာတစ်လွှား ဝပုံများ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ၂၀၁၀ ခုနှစ်ရဲ့ လေ့လာချက်အရ တစ်ကမ္ဘာလုံးမှာ လူဦးရေ(ယခု သန်း ၇၀၀၀ ရှိနေတဲ့ အနက်) သန်း ၁၁၀၀ နှင့် ကလေးတွေအားလုံးရဲ့ ၁၀ ရာခိုင်နှုန်းဟာ သာမန်အလေးချိန်ထက် ပိုနေတယ်လို့ သိရပါတယ်။ အဲဒီအထဲက လူဦးရေ ၃၁၂ သန်းကတော့ အဝလွန်နေသူတွေဖြစ်တယ်လို့ သိရပါတယ်။ ခန္ဓာကိုယ်ဖွဲ့စည်းပုံအရ ယောကျ်ားနှင့် မိန်းမမှာ မိန်းမတွေက ယောကျ်ားတွေထက် အဝလွန်သူ ပိုများတယ်လို့ သိရပါတယ်။

International Obesity Task Force(IOTF) လို့ခေါ်တဲ့ နိုင်ငံတကာ အဝလွန်သူများ လေ့လာရေးအဖွဲ့ကတော့ ကလေး ၁၅၅ သန်း သို့မဟုတ် ကျောင်းနေအရွယ်ကလေးအားလုံးရဲ့ ၁၀ ရာခိုင်နှုန်းဟာ ဝနေသူတွေလို့ ဆိုပါတယ်။ ဒီအထဲက ကလေး သန်း ၃၀ ကနေ ၄၅ သန်းအထိကတော့ အန္တရာယ်ရှိနိုင်တဲ့ အဝလွန်သူတွေလို့ ထောက်ပြထားခဲ့ပါတယ်။ အသက်အပိုင်းအခြားနဲ့ပြောရရင် ၎င်းတို့လေ့လာချက်အရ အသက်ငါးနှစ်မှ (၁၇)နှစ်အရွယ်အတွင်း ကလေးအားလုံးရဲ့ ၂-၃ ရာခိုင်နှုန်းဟာ အဝလွန်နေသူတွေဖြစ်တယ်။ အသက်ငါးနှစ်အောက် ကလေးတွေမှာတော့ ကလေး ၂၂ သန်းဟာ အဝလွန်နေပြီး ဒီအထဲက ၁၇ သန်းဟာ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ရှိနေတယ်လို့ ဆိုပါတယ်။

**နိုင်ငံတချို့မှာ ဝနေပုံတွေ**

အမေရိကန်နိုင်ငံမှာ လူ ၇၂ သန်းကျော် အဝလွန်နေပြီး အရွယ်ရောက်ပြီးသူအားလုံးရဲ့ ၆၆ ရာခိုင်နှုန်း အဝလွန်နေတယ်လို့ ဆိုပါတယ်။ ကျားနဲ့ မ တွက်ရင် ကျား ၃၃ ဒသမ ၅ ရာခိုင်နှုန်း၊ မ ၃၅ ဒသမ ၃ ရာခိုင်နှုန်း ဝနေပါတယ်တဲ့။ ကလေးတွေအားလုံးရဲ့ ၂၅ ရာခိုင်နှုန်းက ဝနေပြီး ၁၁ ရာခိုင်နှုန်းကတော့ အဝလွန်ဖို့ တာစူနေပြီလို့ သိရပါတယ်။

ကနေဒါနိုင်ငံမှာတော့ လူဦးရေ ခြောက်သန်းကျော် ဝနေပြီး ရာနှုန်းနဲ့တွက်ရင် လူဦးရေအားလုံးရဲ့ ၃၆ ဒသမ ၁ ရာခိုင်နှုန်း အဝလွန်နေပါတယ်တဲ့။ ကျားကတော့ ၂၂ ဒသမ ၉ ရာခိုင်နှုန်း၊ မ ကတော့ ၂၃ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ကလေးကတော့ ကလေးအားလုံးရဲ့ ၆ ရာခိုင်နှုန်းက အဝလွန်နေပါတယ်။

ဥရောပနိုင်ငံတွေမှာတော့ လူဦးရေအားလုံးရဲ့ ၃၀ ရာခိုင်နှုန်းဟာ (overweight) ဝနေကြပြီး ၁၀ ရာခိုင်နှုန်းကတော့ အဝလွန်နေသူတွေလို့ သိရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတော့ နောက် ၁၀ နှစ်အတွင်း ၁၀ ရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းထိ တိုးနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

အာရှနိုင်ငံတွေကို ကြည့်ပါဦး။ အိန္ဒိယ၊ တရုတ်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေမှာ အဝလွန်သူများနေပြီး အာရှတိုက်တစ်ခုလုံးမှာ အဝလွန်သူ နှစ်စဉ် တစ်ရာခိုင်နှုန်း တိုးနေတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အဆိုအရ သိရပါတယ်။

အိမ်နီးချင်း တရုတ်နိုင်ငံမှာတော့ လူဦးရေအားလုံးရဲ့ ၂၂ ရာခိုင်နှုန်း(သန်း ၆၀)က ဝနေပြီး ၇ ဒသမ ၁ ရာခိုင်နှုန်းကတော့ အဝလွန်နေသူလို့ သိရပါတယ်။ ဝနေသူတွေမှာ ကျား ၁၅ ဒသမ ၁ ရာခိုင်နှုန်း၊ မကတော့ ၂၂ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ကလေးကတော့ ရှစ်ရာခိုင်နှုန်း အဝလွန်နေတယ်လို့ သိရပါတယ်။

အိန္ဒိယကိုလည်း ကြည့်လိုက်ပါဦး။ လူတွေအားလုံးရဲ့ ကျား ၃၂ ဒသမ ၂ ရာခိုင်နှုန်း၊ မ ၅၀ ရာခိုင်နှုန်းဟာ ကိုယ်အလေးချိန်ပိုဝနေကြပြီး ကျား တစ်ရာခိုင်နှုန်း၊ မ လေးရာခိုင်နှုန်းဟာ အဝလွန်နေတယ်လို့ သိရပါတယ်။ အသက်(၄၀)ကျော်သူတွေမှာတော့ ကျား သုံးရာခိုင်နှုန်းနှင့် မ ၁၄ ရာခိုင်နှုန်း အဝလွန်နေသူတွေ ဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတော့ သက္ကရာဇ် ၂၀၁၅ ရောက်ရင် ကမ္ဘာကြီးမှာ အဝလွန်သူ သန်း ၇၀၀၊ လူဦးရေအားလုံးရဲ့ ၁၀ ရာခိုင်နှုန်း ရှိလာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

**အဝလွန်တိုင်း ကြောက်စရာလား**

ဝတိုင်းလည်း ကြောက်စရာမလိုဘူး။ ဝပေမယ့် ကျန်းမာစွာနေနိုင်သူတွေလည်း ရှိကြပါတယ်။ ဝတဲ့လူထဲက အောက်ပါအချက်တွေနဲ့ ညီညွတ်ရင် ကျန်းမာစွာနေထိုင်နိုင်သူလို့ သတ်မှတ်ထားပါတယ်။ အဲဒီလူတွေကို (M.H.O)Metabolically Healthy Obesity လို့ ခေါ်ပါတယ်။ အဲဒီအချက်တွေကတော့-

(၁) သွေးထဲက Glucose ဓာတ် (အစာမစားဘဲ တိုင်းရင်) ၁၀၀ အောက်ရှိသူ
(၂) သွေးပေါင်ချိန် ပုံမှန်ရှိသူ ပုံမှန် ၁၂၀/၈၀ ရှိပြီး ၁၄၀/၉၀ ထက်မပိုသူ
(၃) သွေးထဲက Lipid Profile ပုံမှန်ရှိသူ
(၄) L.D.L ခေါ်တဲ့ Low Density Lipo Protein ဓာတ်နည်းသူ
(၅) အသည်းမှာ ရောဂါမရှိဘဲ ပုံမှန်ရှိသူ
(၆) ECG ပုံမှန်ရှိသူ
(၇) နှလုံးမကြီးသူ
(၈) နှလုံးနှင့် သွေးကြောကျဉ်းရောဂါမရှိသူတို့ဖြစ်ပါတယ်။

**အဝလွန်ရင် ဘယ်လိုဒုက္ခပေးသလဲ**

အဝလွန်ရင် သွေးတိုး၊ ဆီးချို၊ သွေးကြောအဆီပိတ်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ ကိုယ်ခန္ဓာရဲ့ အရေးကြီးတဲ့တာဝန်တွေကို ထမ်းဆောင်နေရတဲ့ ခန္ဓာကိုယ်ထဲက (Viscera) ရဲ့ပတ်ဝန်းကျင်မှာ Adiposity ခေါ် အဆီဖုံးပြီး အဲဒီ Viscera ရဲ့ လုပ်ငန်းတွေ အနှောင့်အယှက်ဖြစ်ပြီး ပေါ်လာတတ်တဲ့ Metabolic Disease ရောဂါ၊ အိပ်ရင်း အသက်ရှူလမ်းကြောင်းပိတ်ဆို့မှု (Sleep Apnea) ရောဂါ၊ နှလုံးလေဖြတ်ရောဂါတို့ဖြစ်ပြီး အသက်ဆုံးရတတ်ပါတယ်။ လေ့လာသူတချို့ကလည်း အစာအိမ်လမ်းကြောင်းကင်ဆာ တချို့ဟာ ဝ သူတွေမှာ ပိုဖြစ်တတ်တယ်လို့ ဆိုပါတယ်။

အဝလွန်သူတွေဟာ သာမန်လူတွေထက် ကင်ဆာရောဂါ ခြောက်ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း ပိုဖြစ်နိုင်ကြောင်း ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံက လူပေါင်း ၄၂၄၅၀၀ ကို ပူးတွဲလေ့လာထားတဲ့ လေ့လာချက်တစ်ခုမှာ ဖော်ပြထားပါတယ်။ ဖြစ်တတ်တဲ့ကင်ဆာတွေကတော့ အူမကြီး၊ စအို၊ သားဥ၊ သားအိမ်၊ ဆီးကျိတ်၊ ရင်သားနှင့် သွေးကင်ဆာတို့ဖြစ်ကြောင်း သိရပါတယ်။ Alzheimerနှင့် Dermentia ရောဂါတွေဟာ အဝလွန်သူမှာ ပိုဖြစ်ပြီး သာမန်လူတွေထက် ရှစ်နှစ်ခန့် စောစောသေဆုံးနိုင်တယ်လို့ သိရပါတယ်။

**ဒါကြောင့် ဘာလုပ်ရမလဲ**

BMI(၂၇)ထက် ပိုလာရင် စပြီးစစ်ဆေးကြည့်ပါ။ ရောဂါတစ်ခုခုပါ ဆက်စပ်ရှိနေပြီဆိုရင် သက်ဆိုင်ရာသမားတော်ကြီးတွေဆီ ပြသပါ။ ကုသမှုစခံယူပါ။

ကလေးရောလူကြီးပါ ဝမလာအောင် ထိန်းဖို့ဆိုတာ ကိုယ့်အပေါ်မှာပဲ မူတည်ပါတယ်။ နည်းနည်း ဝလာပြီဆိုရင် နေ့စဉ်လုပ်နေရတဲ့ စားသောက်နေထိုင်မှုပုံစံ (Life Style)ကို ပြုပြင်ဖို့လိုပါတယ်။ လူတိုင်းနားလည်ထားဖို့က မျှတတဲ့ အစားအသောက်၊ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းဟာ အရေးအကြီးဆုံးပါ။ အဝကို ထိန်းဖို့ဆေးဝါးဆိုတာ မစဉ်းစားပါနဲ့။ အများအားဖြင့် အဝလွန်ခြင်းဟာ အသက်(၂၀) အရွယ်လောက်က စတတ်တာမို့ အဲဒီအရွယ်လောက်ကပဲစပြီး မိမိရဲ့ ကိုယ်အလေးညွှန်းကိန်းကို နှစ်နှစ်တစ်ခါလောက် စမ်းထားသင့်ကြပါတယ်။

အချိုရည်မှာပါတဲ့ Fructose ခေါ် သကြားဓာတ်ဟာ ကိုယ်ခန္ဓာထဲက Fat Cell တွေကို လျင်မြန်စွာ ပွားများစေတာကြောင့် အချိုရည်သောက်တဲ့ ကလေးတွေ ပိုဝလာရတာလို့ American Dietetic Association က ထောက်ပြထားပါတယ်။ ဒါကြောင့် ကလေးတွေကို အချိုရည်လျှော့တိုက်ဖို့ တယ်လီဗီးရှင်းကို တစ်နေ့ ၁ နာရီထက် ပိုမကြည့်ဘဲ ကိုယ်လက်လှုပ်ရှားပေးဖို့ တိုက်တွန်းထားပါတယ်။

အနေအထိုင် အစားအသောက်နဲ့ မထိန်းနိုင်ဘူးဆိုမှ သမားတော်ကြီးတွေဆီမှာ ပြသပြီး ညွှန်းတဲ့ဆေးကို မှီဝဲပါ။ အဝလွန်သူတွေအတွက် တာရှည်သုံးနိုင်တဲ့ ဆေးနှစ်မျိုးကတော့ Sibutramine နှင့် Orlistat ဆေးတို့ဖြစ်ပါတယ်။ Sibutramine စားဆေးဟာ စားသောက်ချင်စိတ်ကို ဟန့်တားစေပြီး တစ်နေ့ 10-15mg စားခြင်းဖြင့် ၁၂ လအတွင်း 5kgm လောက်ကျသွားနိုင်တယ်လို့ ဆိုပါတယ်။

Orlistat ဆေးကတော့ အဆီဓာတ်ကို ကိုယ်ခန္ဓာက မစုပ်အောင်တားဆီးပြီး တစ်နေ့ 120 mg သုံးကြိမ်သောက်ခြင်းဖြင့် ၁၂ လအတွင်း 3 kgm လောက် ကျသွားနိုင်တယ်လို့ သိရပါတယ်။ ခွဲစိတ်ကုသမှုခံယူတယ်ဆိုတာလည်း အပေါ်ယံ အဆီလွှာကိုသာ ခွဲထုတ်တာဖြစ်ပြီး အရေးကြီးတဲ့ Viscera တွေ နားမှာကပ်နေတဲ့ အဆီကို ခွဲထုတ်တာမဟုတ်တဲ့အတွက် ဖြစ်ပေါ်လာမယ့် ရောဂါတွေကို သိသိသာသာ မကာကွယ်နိုင်ဘူးလို့ ဆေးပညာရှင်တချို့က ထောက်ပြထားကြပါတယ်။

Liposuction ခေါ်တဲ့ Obesity Surgery ဟာ ကိုယ်အလေးချိန် လျှော့နိုင်တာမှန်ပါတယ်။ ဒါပေမယ့် နှလုံးရောဂါဖြစ်ပွားမှုအရေးပါတဲ့ ညွှန်းကိန်းတစ်ခုဖြစ်တဲ့ သွေးထဲက C-Reactive Protein (CSR) ကို မခွဲစိတ်မီနှင့် ခွဲစိတ်ပြီး တိုင်းကြည့်တဲ့အခါ မထူးခြားကြောင်း လေ့လာချက်တစ်ခု တင်ပြထားပါတယ်။ နေ့စဉ် အဆီဓာတ်ပါအောင် စားခြင်းဖြင့် စားချင်ဖို့ စိတ်ကိုထိန်းနိုင်ပြီး အဝလွန်တာကို တစ်နည်းတစ်ဖုံ ကာကွယ်နိုင်ကြောင်း တချို့သုတေသီတို့က တင်ပြထားပါတယ်။ ဒါကြောင့် အဝလွန်တိုင်း အဆီဓာတ်ကို လုံးဝမရှောင်သင့်ဘူးဆိုတဲ့ သဘောပါ။

ဒါကြောင့် ကိုယ်မဝဖို့ ကိုယ့်အပေါ်မှာပဲ မူတည်တယ်။ ဝတယ်ဆိုတာ မျိုးရိုး (Genetic) ကြောင့်လည်း ဖြစ်တတ်တာမို့ အဖေ၊ အမေ ဝသူတွေက ပိုသတိထားနေထိုင်သင့်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။ ။



# မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအား ဗီယက်နမ်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Vietin Bank ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ Mr. Pham Huy Hung ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ဝဲပုံ)**ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ ဗီယက်နမ်နိုင်ငံမှ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်နိုင်ရေးနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် ဌာနကြီးမှူးများ တက်ရောက်ကြသည်။

အလားတူ ဒီဇင်ဘာ ၂၀ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား ဗီယက်နမ်နိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ H. E. Nguyen Van Binh နှင့်အဖွဲ့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဗီယက်နမ်နိုင်ငံ ဗဟိုဘဏ်တို့အကြား ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြင်ချင်းဖလှယ်ကာ ပူးပေါင်းဆောင်ရွက်ရန်များကို အကျယ်တဝင့် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၃-၁၂-၂၀၁၁ (သောကြာနေ့)**

**[၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ (အဖိတ်နေ့)]**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင်
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၃၅ ၉။ အဆိုပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၂း၁၅ ၁။ ၂၀၁၁ ခုနှစ် (၅၀)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဗိုလ်လုပွဲ) (ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) စခန်းမှူးရုံးအသင်း)
- ၄း၁၅ ၂။ နှောင်းခေတ်တေးပဒေသာ
- ၄း၂၅ ၃။ "ဇမ္ဗူဒီပါမှာထွန်းတဲ့ကျွန်း"
- ၅း၀၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
- ၅း၁၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၂၀ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၅ ၇။ တေးဂီတအစီအစဉ်
- ၅း၄၅ ၈။ စုစည်းခံစားကမ္ဘာ့အားကစား
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ)(အပိုင်း-၁၇)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ လျှပ်တစ်ပြက်ဟာသများ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၂၉)**
- ၁၈။ သီချင်းချစ်သူ (မင်းမော်ကွန်း)
- ၁၉။ အစီအစဉ်ပြီး၏။

# နိုင်ငံတော်အတွင်း အရှေ့၊ အနောက်၊ တောင်၊ မြောက် အစိတ်အပိုင်းအားလုံးသို့ တစ်ဆက်တည်းသွားလာနိုင်ခြင်းသည် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းကြောင့်ဖြစ်

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်

ဓာတ်ပုံ-မိုးမြင့်လှိုင်

မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဖောက်လုပ်ထားသည့် လမ်းမိုင်ပေါင်းမှာ ယခုအခါ ၂၄၀၀၀ ကျော်ရှိသည်။ ထို့အပြင် နယ်စပ်စည်ပင်လမ်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့လက်အောက်ရှိ မြို့တော်စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်းများ၊ နေပြည်တော်အထူးဖွံ့ဖြိုးရေး စီမံကိန်းလမ်းများ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၏ လမ်းများ၊ အမှတ်(၁)နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပိုင်လမ်းနှင့် ကျေးလက်လမ်းများစုစုပေါင်းလမ်းမိုင် ၅၉၀၀၀ ကျော်ရှိသည်ဟု သိရသည်။

ယခုအခါ မြန်မာနိုင်ငံရှိ လမ်းမကြီးများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကုမ္ပဏီပေါင်း ၃၀၊ လမ်းပိုင်း ၇၀၊ လမ်းမိုင်ပေါင်း ၄၂၁၇ မိုင်အား BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသည်ဟု သိရသည်။ ထိုကုမ္ပဏီများအနက်မှ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်သည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပဲခူး-ညောင်လေးပင် အပိုင်း ၄၈ မိုင်၊ ဘုရားကြီး-ကျိုက်ထိုလမ်းပိုင်း ၅၆ မိုင် ၃ ဖာလုံ၊ ညောင်ခါးရှည် - စစ်တောင်း (မုပ္ပလင်) လမ်းပိုင်း ရှစ်မိုင်၊ ကျိုက်ထို-သထုံ-မော်လမြိုင်လမ်းအပိုင်း ၇၁ မိုင် ၆ ဖာလုံ နှင့် သထုံ-မြိုင်ကလေးလမ်း ၂၆ မိုင် ၂ ဖာလုံ အပါအဝင် လမ်းပိုင်း ငါးပိုင်း၊ မိုင် အားဖြင့် မိုင်၂၁၀ ၃ ဖာလုံကို BOTစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ထိုလမ်းများအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် စာချုပ်ချုပ်ဆို လွှဲပြောင်းလက်ခံရယူပြီး လမ်းမိုင် ၂၁၀ ၃ဖာလုံအား အဆင့်မြင့်နိုင်လွန် ကတ္တရာလမ်းခင်း၍လမ်းကောင်းများအဖြစ်ဆောင်ရွက်နေမှုကို သွားရောက်လေ့လာကာ သတင်းဆောင်းပါးရေးသားရန် ဒီဇင်ဘာ ၁၁ ရက်က လှိုင်သာယာမြို့နယ်ရှိ ရွှေသံလွင်ကုမ္ပဏီဝင်းအတွင်းမှ ကားကလေးဖြင့် ထွက်လာခဲ့သည်။ ရန်ကုန်မှ ပဲခူး၊ ပဲခူးမှ ညောင်လေးပင်သွား ပြည်ထောင်စုလမ်းမကြီးအပေါ် ရွှေသံလွင်တိုးဂိတ်အနီးတွင် စက်ကြီးများဖြင့် နိုင်လွန်ကတ္တရာ လမ်းခင်းနေမှုကို စတင်လေ့လာ ခွင့်ရခဲ့ပြီး ယင်းနောက် ထိုပြည်ထောင်စုလမ်းမကြီးမှ



ခွဲထွက်ခဲ့ပြီး ဘုရားကြီး-ကျိုက်ထို-သထုံ-မော်လမြိုင်လမ်းအတိုင်း ခရီးဆက်ခဲ့ရာ သထုံလမ်းအပိုင်း၌လည်း နိုင်လွန်ကတ္တရာလမ်းများခင်းနေမှုနှင့် ခင်းပြီးနိုင်လွန်ကတ္တရာများအား စက်နှင့် ရေဖျန်းခြင်း၊ လမ်းကြိတ်စက်ကြီးနှစ်လုံးဖြင့် အပြန်အလှန် ကြိတ်နေမှုတို့ကို ထပ်ဆင့်တွေ့ခဲ့ရသည်။ ကျိုက်ထို- သထုံ - မော်လမြိုင်ကားလမ်းသည် တကယ့်လမ်းကောင်းဖြစ်သည်။

ထို့နောက် ကျွန်တော်တို့ သတင်းအဖွဲ့သည် လမ်းများအဆင့်မြှင့်တင်၍ နိုင်လွန်ကတ္တရာများထပ်ပိုးလွှာ ခင်းနေမှုအဖုံဖုံကို မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြသည်။ ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီလီမိတက်သည် ၎င်း BOT စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည့် လမ်းပိုင်းအားလုံးရှိ ပေ ၁၈၀၊ ပေ ၁၀၀၊ ပေ ၅၀၊ ၁၀ ပေနှင့် ၁၀ ပေအောက်ရှိ တံတား ၆၆၆ စင်းကိုလည်း သံကူကွန်ကရစ်ဖြင့် အခိုင်အမာ တည်ဆောက်ထားပြီး ဖြစ်သည်ဟုလည်း သိရသည်။

မြန်မာနိုင်ငံသည် အာရှတိုက်၏ အရှေ့တောင်ဘက်တွင် တည်ရှိနေပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေကာ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၂၆၀၀၀၀ ကျယ်ဝန်းသည်ဟု သိရသည်။ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် မီးရထားလမ်း၊ လေကြောင်းလမ်း၊ ရေကြောင်းလမ်းများ ရှိသည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ပြီး နိုင်ငံသားတိုင်း၏ လူမှုဘဝမြင့်မားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လမ်းများဖောက်၍ တံတားများဆောက်လုပ်ပေးလျက်ရှိသည်။ ယခင်က မြန်မာနိုင်ငံတွင် နိုင်ငံ၏ အထက်ပိုင်းနှင့် အောက်ပိုင်း ဆက်သွယ်သွားလာနေသည့် လမ်းကြောင်းသည် အဓိကအားဖြင့် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းမှသာလျှင် သွယ်တန်းလျက်ရှိသော်လည်း ယခုအခါမှာ အရှေ့၊ အနောက်၊ တောင်၊ မြောက် အစိတ်အပိုင်းအားလုံး တစ်ဆက်တည်း သွားလာ၍ ရနေပြီဖြစ်ပေသည်။ ဤသည်ပင်လျှင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်နေသောကြောင့် မဟုတ်ပါလော . . .။ ။



ရွှေသံလွင်ကုမ္ပဏီက BOT စနစ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ယူခဲ့သော ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စုလမ်းမကြီးမှ ပဲခူး-ညောင်လေးပင် အပိုင်းကို အဆင့်မြှင့်တင်၍ နိုင်လွန်ကတ္တရာများ ခင်းနေစဉ်။

ကျိုက်ထို-သထုံ-မော်လမြိုင်လမ်းပိုင်းကိုလည်း BOTစနစ်ဖြင့် ရယူ၍ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီမှ ဤသို့အဆင့်မြှင့်နိုင်လွန်ကတ္တရာများ ခင်းထားသည်။

# စိုက်ပျိုးနိုင်သော လယ်ယာမြေများအား အကွက်ရိုက်ရောင်းချပါက အရေးယူမည်

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ICT ဇုန် ဖွင့်လှစ်ခြင်း၊ ရတနာပုံဆိုက်ဘာစီးတီး တည်ဆောက်ခြင်းတို့နှင့်အတူ ပြင်ဦးလွင်-မိုးကုတ်လမ်းမကြီး ဖောက်လုပ်ခြင်းတို့ကြောင့် ပြင်ဦးလွင်မြို့နယ်အတွင်း မြေကွက်ဈေးများ အဆမတန်မြင့်တက်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ မန္တလေးတိုင်းဒေသကြီးရှိ စီးပွားရေးသမားများက မန္တလေး-ပြင်ဦးလွင်လမ်းဘေးရှိ ပြင်စာ၊ သုံးတောင်၊ အောင်ချမ်းသာ၊ ဒိုးပင်၊ အနီးစခန်း ကျေးရွာများရှိ စိုက်ပျိုးမြေများအား ဧကလိုက် ကျပ်သိန်းထောင်ချီပေး၍ ဝယ်ယူပြီး အကွက်များရိုက်ကာ ပေ ၄၀× ပေ ၆၀ အကွက်များအား တစ်ကွက် ငွေကျပ်သိန်း ၃၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီက စိုက်ပျိုးနိုင်သော လယ်ယာမြေအား စိုက်ပျိုးရေးလုပ်ငန်း မပြုဘဲ ခြံကွက်ရိုက်ရောင်းချခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းစသည့် အခြားနည်းများ အသုံးပြုပါက မြေယာဥပဒေအရ တရားစွဲဆို၍ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးတားမြစ်ထားကြောင်းသိရသည်။ သီဟကိုကို(မန္တလေး)

# ကားအိုကားဟောင်းအစားထိုး မော်တော်ယာဉ်တင်သွင်းခြင်းနှင့် ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနက သတင်းထုတ်ပြန်ထား

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ကားအိုကားဟောင်း အစားထိုး မော်တော်ယာဉ်တင်သွင်းခြင်းနှင့် ပတ်သက်၍အကောက်ခွန်ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နိုင်ငံတော်မှ ကားအိုကားဟောင်းများ အပ်နှံစေပြီး အစားထိုးတင်သွင်းမှုပြုမည့် သတင်းကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှစတင်၍ တရားဝင်ထုတ်ပြန်ခဲ့ပြီးနောက် အစားထိုးယာဉ်များ ပြည်တွင်းသို့ တင်သွင်းလာရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့်ညီသောကားများကို ထုတ်ပေးသကဲ့သို့ စည်းကမ်းချက်များနှင့် မညီသော ကားအချို့ကို တားဆီးခဲ့ရမှုများ လည်းရှိခဲ့ကြောင်း၊ ထိုသို့ တားဆီးရာတွင် အကောက်ခွန်ဦးစီးဌာန တစ်ခုတည်း၏ ဆုံးဖြတ်ချက်အရ တားဆီးခြင်း မဟုတ်ဘဲ Issuing Authority ဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သတ်မှတ်ထားသည့် မူဝါဒ၊ စည်းကမ်းချက်များအရ လိုက်နာဆောင်ရွက်ရသည့် Receiving Authority ဖြစ်သော အကောက်ခွန်ဦးစီးဌာနက တားဆီးရခြင်းဖြစ်ကြောင်း သိရသည်။

ထိုတားဆီးမှုများနှင့် ပတ်သက်၍ အချို့သော ဂျာနယ်များတွင် အကောက်ခွန်ဦးစီးဌာနသို့လည်း မေးမြန်းခြင်းမရှိ၊ စုံစမ်းခြင်းလည်းမရှိဘဲ တစ်ဆင့်ပြောစကားဖြင့် မှားယွင်းဖော်ပြမှုများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် ကားအိုကားဟောင်း တင်သွင်းမှုများနှင့်ပတ်သက်၍ ထုတ်ပေးခြင်း၊ တားဆီးခြင်း၊ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်း တစ်စုံတစ်ရာရှိခဲ့ပါက ဖြစ်စဉ်အမှန်ကို အများပြည်သူများ သိရှိနိုင်စေရန် သတင်းထုတ်ပြန်ခြင်း မပြုမီ Contact Person ဖြစ်သည့် အကောက်ခွန်ဦးစီးဌာန ထုတ်ကုန်/သွင်းကုန် ကြီးကြပ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးထံသို့ ဆက်သွယ်အတည်ပြုချက်ရယူသွားသင့်ကြောင်း သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

# အသားစား ကြက်ပေါက်ကောင်ရေ တစ်သောင်း ပြည်ပမှတင်သွင်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်က ပထမဆုံးအကြိမ်အဖြစ် အသားစားကြက်ပေါက် ကောင်ရေ တစ်သောင်းကို တင်သွင်းခဲ့ပြီး ယခုအခါ ဆက်လက် တင်သွင်းခြင်းမပြုသေးဘဲ ဈေးကွက်အခြေအနေ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကြက်ပေါက်များကို မလေးရှားနိုင်ငံမှ တင်သွင်းခြင်းဖြစ်ပြီး ဒီဇင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကာ ရန်ကုန်တွင် ကောင်ရေ ၅၀၀၀၊ မန္တလေးတွင် ကောင်ရေ ၅၀၀၀ အား ဖြန့်ချိပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။ "တကယ် လိုအပ်သလား၊ မလိုအပ်သလားဆိုတာ စောင့်ကြည့်ပြီး ဆက်လုပ်သွားမယ်။ အတိုင်းအဆမရှိ တင်သွင်းလိုက်ရင်လည်း ဈေးတွေ အဆမတန်ပြုတ်ကျပြီး မွေးမြူသူတွေ ခံရနိုင်တယ်။ ဒါကြောင့် မြေပြင်ရဲ့ လိုအပ်ချက်ကို အကဲခတ်ပြီး ဆက်လုပ်သွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၁၃ ရက်တွင် ပြောခဲ့သည်။

အသားအတွက် မွေးမြူရန် အသားစားကြက်ပေါက်များမှာ ပြည်တွင်းတွင် ဈေးကြီးမြင့်နေခြင်းကြောင့် ယင်းကဲ့သို့ တင်သွင်းခြင်းဖြစ်ပြီး တင်သွင်းရန် ခွင့်ပြုချက်လိုင်စင်၌ ကောင်ရေတစ်သိန်းအထိ ခွင့်ပြုချက်ရရှိထားသော်လည်း ကောင်ရေတစ်သောင်းလောက်သာသွင်း၍ ဈေးကွက်အခြေအနေ စောင့်ကြည့်နေခြင်းလည်းဖြစ်သည်ဟု သိရသည်။ ကြက်မွေးမြူသူများအနေဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များတွင် ကြက်ပေါက်များဝယ်ယူရသည့် ရင်းနှီးမှုမှာလည်း အပါအဝင်ဖြစ်ပြီး ပြည်တွင်းမှ လုပ်ငန်းရှင်များအနေဖြင့် လုပ်သာကိုင်သာရှိစေရန် ယင်းကဲ့သို့ စီစဉ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ (၆၈၀)

# INSEE Diamond Cement ၏ Thank You Party ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

SIAM CITY CEMENT Company Limited (ထိုင်း) နှင့် Myanmar Sale Distributor ဖြစ်သော Sinpoonchai Company Limited (ဗန်ကောက်) နှင့် TUNN AKAREE Company Limited တို့မှ ပူးပေါင်းပြီး INSEE Diamond Cement ၏ Thank You Party ကို ဒီဇင်ဘာ ၁၆ ရက် ညပိုင်းက Chatrium ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ TUNN AKAREE Co.,Ltd. ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် SIAM City Cement Public Co.,Ltd ၏ Ececutive Vice-president (Marketing & Sales) Ms. Chantana Sukumanont တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။ ယင်းနောက် ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် Executive Vice-president Ms. Chantana Sukumanont တို့က ၂၀၁၁ ခုနှစ်၏ INSEE Diamond Cement ထူးချွန်ဆုရရှိကြသော Dealers ကြီးများအား ဆုများချီးမြှင့်ခဲ့ပြီး**(ယာပုံ)** INSEE Diamond ကို ရောင်းချပေးသော ကိုယ်စားလှယ်များနှင့် အရောင်းဆိုင်ကြီးများ၊ သုံးစွဲသူများအား ရွှေဆွဲပြား၊ ရွှေဆွဲကြိုးနှင့် မေတ္တာလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

SIAM City Cement Public Co.,Ltd ၏ ဆောင်ပုဒ်ဖြစ်သော "အနာဂတ်လူ့ဘောင်၏ အခြေခံအုတ်မြစ်" ဖြစ်စေရမည်ဟူသော ရည်မှန်းချက်နှင့်အညီ TUNN AKAREE Co.,Ltd သည် အနာဂတ်တွင် INSEE Diamond Cement ကို မြန်မာပြည် ဘိလပ်မြေလောကတွင် ခိုင်မာတောင့်တင်းသော အခြေခံအုတ်မြစ်ဖြစ်လာစေရန် အစွမ်းကုန်ကြိုးပမ်းသွားရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ (ကြေးမုံ)



# ဥတုရာသီ တောကိုမှီ၏

✻ ကျောဖုံးမှ

မြင့်တင်နိုင်ရေးအတွက် သတင်းအချက်အလက်များနှင့် အကြံလုပ်ကိုင်ဆောင်ရွက်နိုင်မည့် အစီရင်ခံစာများ ဖလှယ်ကြရန်၊ "တိန့်ချုံးဆွေးနွေးပွဲ" အတွင်း ချမှတ်ခဲ့သော မဟာဗျူဟာဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးကြရန်နှင့် နယ်စပ်ဖြတ်ကျော်ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လိုက်လျောညီထွေရှိစေရေးအတွက် အနာဂတ်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ အပြီးသတ်ရေးဆွဲကြရန် ကျင်းပရခြင်းဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ဆွေးနွေးပွဲ၏ရည်ရွယ်ချက်များအတိုင်း ဒေသတွင်း ရေရှည်ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အပြီးသတ်ရေးဆွဲနိုင်ရေးကို တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ICIMOD အဖွဲ့၏ Director General Dr. David James Molden က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးခြင်းများကို ဆွေးနွေးကြ၍ ဆွေးနွေးပွဲ ပထမနေ့ အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

Hindu-Kush-Himalayas ဒေသအတွင်း တရုတ်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အာဖဂန်နစ္စတန်၊ ဘူတန်စသည့် နိုင်ငံရှစ်နိုင်ငံပါဝင်ပြီး ဗြဟ္မပုတ္တရမြစ်၊ သံလွင်မြစ်၊ ယန်စီမြစ်နှင့် မဲခေါင်မြစ် အစရှိသည့် မြစ်ကြီး ၁၀ စင်း၏ အလွန်အရေးကြီးသည့် ရေဝေရေလဲဒေသများနှင့် ဂေဟစနစ်များ၏ အသက်သွေးကြောသဖွယ်ဖြစ်နေသည်။ ဤဒေသသည် သွားလာရေးခက်ခဲပြီး ရေပမာဏများစွာကို ဆီးနှင်းနှင့် ရေခဲများသဏ္ဌာန်သိုလှောင်သိမ်းဆည်းနိုင်စွမ်းရှိသဖြင့် ကမ္ဘာ၏တတိယဝင်ရိုးစွန်း (Third pole of the Earth) ဟုပင် တင်စားခေါ်ဝေါ်ကြသည်။

နီပေါနိုင်ငံ၌အခြေစိုက်သည့် အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန [International Centre for Integrated Mountain Development - (ICIMOD)]ကို ၁၉၈၃ ခုနှစ်၌ ဖွဲ့စည်းခဲ့သည်။ Hindu-Kush-Himalayas ဒေသ တောင်တန်းများတွင် နေထိုင်သော ကျေးလက်နေဒေသခံပြည်သူလူထုများ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးသာမက ဂေဟစနစ်တည်ငြိမ်ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများကို လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် အမွေခံကောင်းများ လက်ဆင့်ကမ်းထားရှိရန် ရည်ရွယ်ချက်များဖြင့် ဤအဖွဲ့ကြီးက ဦးတည်ကြိုးပမ်းနေကြောင်း သိရှိရသည်။

ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မာန်အောင်မြို့နယ် ဟင်းစနဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းတွင် မာန်အောင်မြို့ အောင်ဇေယျာခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မာန်အောင်မြို့နယ် ဟင်းစနဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲသို့တက်ရောက်ရာ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်ပညာရေးမှူး ဦးဟန်စိန်နှင့် ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူး ဦးရန်လင်းအောင်တို့က ကျောင်းဆိုင်းဘုတ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်၊ ကျေးရွာအုပ်စုများနှင့် အလှူရှင်တို့က အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မာန်အောင်မြို့နယ် စမုံတဲလေယာဉ်ကွင်းနေရာသို့ ရောက်ရှိပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လေယာဉ်ကွင်း လက်ရှိအခြေအနေတိုင်းတာနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# Japan International Cooperation Center ရုံးချုပ်မှဧည့်သည်များ ဒုတိယဝန်ကြီး ဦးဘရွှေအား လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား Japan International Cooperation Center (ရုံးချုပ်)မှ Deputy Managing Director, Mr. Atsushi TSUTSUMI နှင့် မြန်မာနိုင်ငံ၌ လာရောက်တာဝန်ထမ်းဆောင်မည့် Country Officer, Ms. Aki MATSUNO တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပညာရေးလုပ်ငန်းများနှင့် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက်လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြသည်။ (ဓာတ်ပုံ)

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် ညွှန်ကြားရေးမှူး(ပြည်ပသင်တန်း)ဒေါ်အေးချစ်တို့ တက်ရောက်ကြသည်။

ဆက်လက်၍ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းသည် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ Mr. Atsushi TSUTSUMI နှင့် Ms. Aki MATSUNO တို့အားတွေ့ဆုံပြီး ယင်းစီမံချက်လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်လက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဒီဇင်ဘာ ၁၅ ရက်က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော လူကုန်ကူးမှု တိုက်ဖျက်ရေးအသိပညာပေး ဟောပြောပွဲတွင် လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး အဖွင့်အမှာစကားပြောကြားစဉ်။** (ခရိုင် ပြန်/ဆက်)



# ယာဉ်မတော်တဆမှုလျှော့နည်းကျဆင်းရေး ဘားအံမြို့နယ်၌ ဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ယာဉ်မတော်တဆမှုလျှော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၅ ရက်တွင် ဘားအံမြို့ အဝေးပြေးကားဝင်းရှိ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံး၌ ကျင်းပရာ ကရင်ပြည်နယ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြတ်မိုးက ကြီးကြပ်၍ ယာဉ်/လမ်းစည်းကမ်းနှင့် ပတ်သက်သည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ လိုက်နာရမည့်စည်းကမ်း၊ ရှောင်ရန်/ ဆောင်ရန် အချက်များ၊ လုံခြုံရေးနှင့် စပ်ဆိုင်သည့် ပြည်သူတို့က ပူးပေါင်းပါဝင်ရမည့်အချက်များကိုပြောကြားပြီး ယာဉ်ထိန်းတာဝန်ခံအရာရှိ ဒုတိယရဲမှူး စိန်ဝင်း၊ ပို့/ဆက်ပြည်နယ်ဦးစီးမှူး ဦးကိုကိုဇော်ဟိန်းနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးခင်မောင်ဝင်းတို့က သက်ဆိုင်ရာအလိုက် သိကောင်းစရာများကို ဟောပြောဆွေးနွေးကြပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

**ပဲခူးမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ခုနှစ် တောရိုင်းတိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က ပျဉ်ပုံကြီးကျေးရွာ ရွှေမြင်းမိုရ်ခန်းမ၌ ကျင်းပရာ တောအုပ်ကြီး ဦးလှဝင်းနှင့် မိုးယွန်းကြီးအင်း ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူး ဦးခင်မောင်လှတို့က တောရိုင်းတိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောစဉ်။** (ကြေးမုံ)





## လှူဒါန်း

**ရန်ကုန်မြို့ အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် သီရိလမ်းနေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်စန်းစန်းအားရည်စူး၍ သားသမီး၊ မြေး၊ မြစ်တစ်စုက ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ အဖွဲ့ဝင် ဦးမောင်မောင်အောင် လက်ခံစဉ်။** (ကြေးမုံ)

# လေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့ချုပ်များအား အား/ကာ ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်သည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားခန်းမ၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လက်ဝှေ့၊ ပိုက်ကျော်ခြင်းနှင့် အလေးမအားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ လေ့ကျင့်လျက်ရှိသည့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် (မန္တလေး)တို့မှ အမျိုးသမီးဘောလုံး အားကစားသမားများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဘီလီယက်နှင့် စနူကာခန်းမ၌ ပဏာမမြန်မာ့လက်ရွေးစင်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ (ရွှေကြာပင်)၌ ဖွင့်လှစ်ထားသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအောင်နိုင်ရေး အထောက်အကူပြုကော်မတီ အုပ်ချုပ်မှုရုံးခန်း၊ အားကစားသမားများ စားရိပ်သာနှင့် အားကစားသမားများ၏ အဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အခြေခံစာရင်းကိုင် သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အခြေခံစာရင်းကိုင်သင်တန်း အမှတ်စဉ်(၆) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လူကုန်ကူးမှုဆိုင်ရာ သတင်းများ ဆက်သွယ်ပေးပို့နိုင်

နိုင်ငံတော်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် လူကုန်ကူးမှုဆိုင်ရာသတင်းများ ဆက်သွယ်ပေးပို့ရမည့် ဖုန်းနံပါတ်များကို ထားရှိပေးထားသည်။ ၎င်းတို့မှာ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ်မြို့ ဖုန်း-၀၉-၄၉၀၅၅၆၆၆၊ မန္တလေးမြို့ ဖုန်း-၀၉-၄၉၀၅၅၇၇၇ နှင့် ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၀၅၅၈၈၈၊ ၀၉-၄၉၀၅၅၉၉၉ တို့ဖြစ်ကြောင်း သိရှိရသည်။

## နိုင်ငံတကာ အားကစားသတင်းများ



*မန်ယူနှင့်လီဗာပူးကစားခဲ့သောပွဲမှ လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်နှင့် မန်ယူနောက်ခံလူ အီဗရာတို့ ခိုက်ရန်ဖြစ်ပွားစဉ်။*

# အီဗရာအား ရိုင်းစိုင်းစွာဆဲဆိုမှုကြောင့် ဆွာရက်ဇ်ရှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရ

**လန်ဒန် ဒီဇင်ဘာ ၂၂**

မန်ယူနှင့်ရင်ဆိုင်ခဲ့သော ပွဲစဉ်အတွင်း မန်ယူနောက်ခံလူ ပက်ထရစ်အီဗရာအား လူမျိုးရေးခွဲခြားပြီး ရိုင်းစိုင်းစွာဆဲဆိုခဲ့မှုကြောင့် လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်အား အက်ဖ်အေက ရှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထို့ပြင် အက်ဖ်အေသည် အခြားကစားသမားများ သင်ခန်းစာယူနိုင်ရန် ရည်ရွယ်၍ ဒဏ်ငွေပေါင် ၄၀၀၀၀ ပါ ဒဏ်ရိုက်ခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ လီဗာပူးအသင်းက အလွန်အံ့ဩမိသည့်အပြင် အလွန်စိတ်ပျက်ရကြောင်း ဆိုသည်။

အဆိုပါ ဆုံးဖြတ်ချက်ကို အက်ဖ်အေမှ တာဝန်ရှိသူသုံးဦးက ခြောက်ရက်ကြာ သုံးသပ်ပြီးမှသာ ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ယင်းအပြင် ဆွာရက်ဇ်သည် ဖူလ်ဟမ်ကွင်း၌ ကစားခဲ့သည့်ပွဲစဉ်အတွင်း ဖူလ်ဟမ်ပရိသတ်အား လက်ခလယ်ထောင်ပြခဲ့မှုအတွက် အက်ဖ်အေ၏ စွဲချက်တင်ခြင်းကို ခံထားရသည်။

ဆွာရက်ဇ်အပေါ် အက်ဖ်အေကချမှတ်ခဲ့သည့်ပြစ်ဒဏ်နှင့် ပတ်သက်၍ မန်ယူအသင်းက တစ်စုံတစ်ရာမှတ်ချက် ပြုခြင်းမရှိပေ။

ဆွာရက်ဇ်သည် အဆိုပါ ပွဲပယ်ပြစ်ဒဏ်ကို ယခုလောလောဆယ်ကျခံရခြင်း မရှိသေးပေ။ သို့သော် ၎င်း၏ပွဲပယ် ပြစ်ဒဏ်စတင်အသက်ဝင်ချိန်မှစ၍ လီဗာပူးအသင်းအတွက် ဆုံးရှုံးမှုတစ်စုံတစ်ရာဖြစ်လာမည်မှာ သေချာနေသည်။ ***အင်တာနက်။***

### ၂၀၁၁ ခုနှစ်အတွက် အကောင်းဆုံး ဘောလုံးအသင်းဆုရအသင်းများ

၁။ ဂျပန် (အာရှ)
၂။ အိုင်ဗရီကို့စ်(အာဖရိက)
၃။ မက္ကဆီကို (မြောက်နှင့်ဗဟိုအမေရိက)
၄။ ဥရုဂွေး (တောင်အမေရိက)
၅။ စပိန်(ဥရောပ)
၆။ နယူးဇီလန် (သမုဒ္ဒရာပိုင်းဇုန်)

***အင်တာနက်။***

# စကော့တလန်ကလပ် ဟတ်အသင်း၏ကွင်းလယ်ကစားသမား အတ်ဂါ့တ်ဂျွန်ဆင်ကို ဝုဗ်အသင်းစာချုပ်နိုင်ခဲ့

**လန်ဒန် ဒီဇင်ဘာ ၂၂**

ပရီမီယာလိဂ်ကလပ် ဝုဗ်ဟာဟမ်တန်အသင်းသည် စကော့တလန်ကလပ်ဟတ်အသင်း၏ ကွင်းလယ်ကစားသမား အတ်ဂါ့တ်ဂျွန်ဆင် **(အောက်ပုံ)** အား သုံးနှစ်ခွဲစာချုပ်တစ်ရပ်ဖြင့် ခေါ်ယူနိုင်ခဲ့သည်။

ဂျွန်ဆင်သည် ဝုဗ်အသင်း၌ ဆေးစစ်မှုအောင်မြင်ခဲ့ပြီး လာမည့်ဇန်နဝါရီ ၁ ရက်



တွင် အင်္ဂလန်သို့ ရောက်လာဖွယ်ရှိသည်။ ၎င်း၏ ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိပေ။

အဆိုပါ အပြောင်းအရွှေ့နှင့်ပတ်သက်၍ ဝုဗ်အသင်းနည်းပြ မက်ကာသီက ဂျွန်ဆင်သည် အကောင်းဆုံးကွင်းလယ်ကစားသမားတစ်ဦးဖြစ်ကြောင်း၊ ၎င်းသည် ကွင်းလယ်၌သာမက နေရာစုံလိုက်ပါ ကစားနိုင်စွမ်းရှိကြောင်း၊ ၎င်းကိုခေါ်ယူနိုင်ရန် ကာလအတန်ကြာ အချိန်ယူခဲ့ရကြောင်း၊ ၎င်းအား ခေါ်ယူ စာချုပ်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် (၂၃)နှစ်အရွယ် ဂျွန်ဆင်က မိမိသည် စကော့တလန်ကလပ်အတွက် အချိန်အတော်ကြာ ပေးဆပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအင်္ဂလန်၌ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ပြီး ဝုဗ်အသင်းအတွက် အကောင်းဆုံးပေးဆပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ***အင်တာနက်။***

# ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံး ဘောလုံးအသင်းဆု စပိန်အသင်းဆွတ်ခူး

**မက်ဒရစ် ဒီဇင်ဘာ ၂၂**

၂၀၁၁ ခုနှစ်အတွက် ဖီဖာ၏တစ်နှစ်တာ အကောင်းဆုံး ဘောလုံးအသင်းဆုကို စပိန်အသင်းက ဆွတ်ခူးနိုင်ခဲ့သည်။

စပိန်အသင်းသည် နည်းပြ ဗီဆန်တီဒဲလ်ဘက်စကွက်ဇ်၏ ဦးဆောင်မှုဖြင့် ပြိုင်ပွဲပေါင်း ၁၁ ပွဲတွင် ကိုးပွဲအနိုင်ရရှိထားပြီး တစ်ပွဲရှုံး၊ တစ်ပွဲသရေဖြင့် ရလဒ်ကောင်းမွန်ခဲ့သည့်အပြင် ၁၀ ပွဲတွင် ဂိုး ၃၀ ထိ သွင်းယူထားနိုင်ခဲ့သဖြင့် ယခုကဲ့သို့ ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံး ဘောလုံးအသင်းဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ စပိန်အသင်း၏နောက်တွင် ဟော်လန်၊ ဂျာမနီနှင့် ဥရုဂွေးတို့ ရပ်တည်နေကြပြီး အင်္ဂလန်အသင်းမှာမူ အဆင့် (၅)တွင်သာ ရပ်တည်နိုင်ခဲ့သည်။ ***အင်တာနက်။***

**ဟိန်းထက်လင်း**

## နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

# လီပြောင်ဟွန်နှင့် တွဲဖက်သရုပ်ဆောင်မည့် ဟန်ရိုဂျိုး

ကိုရီးယားမင်းသမီး ဟန်ရိုဂျိုးသည် သမိုင်းနောက်ခံဇာတ်ကားတစ်ကားတွင် ကိုရီးယားမင်းသား လီပြောင်ဟွန်နှင့် တွဲဖက်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သူမ၏အေဂျင်စီက ထုတ်ဖော်ပြောကြားသည်။



*ကိုရီးယားမင်းသမီး ဟန်ရိုဂျိုး။*

ဟန်ရိုဂျိုး၏ အနုပညာရေးရာ အေဂျင်စီ BH ၏ ထုတ်ပြန် ကြေညာချက်တွင် မင်းသမီးဟန်ရိုဂျိုးသည် ၂၀၁၂ ခုနှစ် နှစ်လယ်တွင် ရုံတင်ပြသမည့် I am the King of Joseon ရုပ်ရှင်ကားတွင် ဘုရင်မတစ်ဦးအနေဖြင့် ပါဝင်သရုပ်ဆောင်သွားမည်ဟု ဆိုသည်။

ယင်းဇာတ်ကားမှာ The Prince and the Pauper (မင်းသားလေးနဲ့ သူဆင်းရဲ) ကလေးပုံပြင်ကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။ ပုံပြင်တွင် ကိုရီးယားနိုင်ငံ၏ ၁၅ ဆက်မြောက် ဂျိုဆွန်းမင်းဆက် ဘုရင်ဂွမ်ဟေဂန်ကို ကာကွယ်စောင့်ရှောက်နေသူ သာမန်လူဆင်းရဲသားလေးတစ်ဦး၏ ဘဝဇာတ်ကြောင်းကို ဖော်ညွှန်းထားသကဲ့သို့ တစ်ချိန်တည်းတွင် ၎င်းသူဆင်းရဲလေးက ရှင်ဘုရင်၏ အရိုက်အရာကို ဆက်ခံရန် ကြိုးစည်နေသူတစ်ဦးလည်း ဖြစ်သည်။

ဒါရိုက်တာချူချောင်မင်း လက်စွမ်းပြရိုက်ကူးမည့် ယင်းဇာတ်ကားတွင် မင်းသားလီပြောင်ဟွန်က ရှင်ဘုရင်အဖြစ်နှင့်ရော သူဆင်းရဲသားလေးအဖြစ်နှင့်ပါ စရိုက်နှစ်မျိုးဖြင့် သရုပ်ဆောင်သွားမည်ဖြစ်သည်။

မင်းသမီးဟန်ရိုဂျိုးသည် ၂၀၀၉ ခုနှစ်က Brilliant Legacy ဇာတ်ကားနှင့် Dong Yi-Jewel in the Crown ရုပ်သံဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ပြီး ယင်းဇာတ်ကားများအရောင်းမြှင့်တင်ရေးအတွက် အာရှနိုင်ငံများသို့လည်း သွားရောက်ခဲ့သည်။

သူမနောက်ဆုံးရိုက်ကူးထားသည့် ရုပ်ရှင်ကားမှာ Always ဇာတ်ကားဖြစ်ပြီး ယင်းဇာတ်ကားကို (၁၆)ကြိမ်မြောက် ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် တက်ရောက်ပြသခဲ့သည်။ ***အင်တာနက်။***

**အေဝမ်းစိုး**

## ပြည်သူ့ထံမှ ပေးစာများ

### ခွေးမွေးမြူ ဟောင်သံအူသံ ဆူဆူညံ

**စာတည်းခင်ဗျား -**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်အုပ်စု(၉) ထန်းပင်ကုန်း သဇင်လမ်းနှင့် နှင်းဆီလမ်းဆုံထောင့်ရှိ ခြံဝင်းကျယ်တစ်ခုအတွင်း ခွေးအကောင် ၃၀ ခန့် မွေးထားရာ နေ့နှင့်ညဘက်များတွင် ခွေးဟောင်သံ၊ အူသံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေရပါ၍ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

***သက်ကြီးသူများ***

### နေ့ ညသီချင်းဖွင့်၊ ဘောလုံးပွဲဆူညံ နားမခံသာ

**စာတည်းရှင် -**

ရန်ကုန်မြို့ တာမွေမြို့နယ် မလ္လကုန်းဌေးကြွယ်(က)ရပ်ကွက် ဇဒ္ဒီလလမ်းတွင် နေ့ည ဖွင့်လှစ်ရောင်းချနေသော လက်ဖက်ရည်ဆိုင်မှ နေ့ ည သီချင်းသံများ၊ ဘောလုံးပွဲလောင်းကစား ဆူညံမှုများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ရပြီး ကျန်းမာရေးထိခိုက်စေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

***ဇဒ္ဒီလလမ်းသားများ***

### အချိုရည်အတုများဖြန့်ချိနေ

**စာတည်းရှင် -**

သထုံမြို့နယ် ကျိုက္ကော်ကျေးရွာ ရွှေမြင့်မိုရ်လမ်း၌ တံဆိပ်တုကပ်၍ အချိုရည်တုများ တရားမဝင်ဖြန့်ချိရောင်းချနေရာ သုံးစွဲသူပြည်သူများ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

***ကောင်းစေလိုသူ***

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ ခိုးမှုများ သက်ဆိုင်ရာက ဖော်ထုတ်အရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၄ ရက် ည ၉ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၄) ရပ်ကွက် ငမိုးရိပ်ချောင်းအတွင်း လှေတစ်စင်းဖြင့် ရောက်ရှိလာသည့် ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်နေ ကျော်ကြီး(ခ)အကြီးကောင်၊ ချက်စူ(ခ)စိုးငယ်၊ နဂါးနီရပ်ကွက်နေ ကာစင်(ခ) ချစ်ဇော်တို့သုံးဦးတို့အား စစ်ဆေးခဲ့ရာ ဇူလိုင် ၃၀ ရက်တွင် ဒဂုံ(မြောက်)မြို့နယ်နေ မာမတ်တလီ၊ အဖိုးကြီး(ခေါ်) နေလင်းအောင်၊ သီဟတို့နှင့်အတူ ဒဂုံ(မြောက်)မြို့နယ်(၂၇)ရပ်ကွက် ပင်လုံအိမ်ရာဝင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှ ငွေကျပ် ကိုးသိန်းတန်ဖိုးရှိ အရှည်ခြောက်ပေခန့် ခြောက်မူးလုံးသံချောင်း ၂၃၀ ခိုးယူမှု၊ နိုဝင်ဘာ ၂ ရက်တွင် ဒဂုံမြောက် (၃၃)ရပ်ကွက်နေ မောင်မောင်(ခ)မင်းကို (ခ)ကျော်ကျော်စိုး(ခ)အငယ်လေးအား ဖမ်းဆီးစစ်ဆေးခဲ့ရာ မေ ၃၁ ရက်က ဒဂုံမြောက် (၄၀)ရပ်ကွက်ရှိ ဂိမ်းဆိုင်မှ ငွေကျပ် ၉၉၀၀၀၀ တန်ဖိုးရှိ မော်နီတာ တစ်လုံးနှင့် ဂိမ်းစက်မျိုးစုံ ကိုးမျိုး၊ ဇွန် ၇ ရက်တွင် အဆိုပါဂိမ်းဆိုင်မှပင် ငွေကျပ် ၁၀၀၅၀၀၀ တန်ဖိုးရှိ ဂိမ်းစက်မျိုးစုံ လေးမျိုး၊ အောက်တိုဘာ ၃၁ ရက်တွင် ဒဂုံမြောက်မြို့နယ် ၃၀ ရပ်ကွက် သခင်ဘစိန်လမ်းရှိ နေအိမ်မှ ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ဒီဗွီဒီစက် တစ်လုံး၊ လျှပ်စစ်ဟင်းချက်အိုး တစ်လုံးနှင့်ထမင်းပေါင်းအိုးတစ်လုံး ခိုးယူမှုကျူးလွန်ခဲ့ကြကြောင်းစစ်ဆေးဖော်ထုတ်သိရှိရသဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

အလားတူ နိုဝင်ဘာ ၁ ရက်တွင် ဒဂုံ(မြောက်)မြို့နယ် ဦးဝိစာရလမ်း မဟာမြိုင်အိမ်ရာရှေ့တွင် တောင်ဥက္ကလာပ မြို့နယ် (၁၃)ရပ်ကွက်နေ ကျော်ကျော်(ခ) မျိုးကျော်ကျော်(၂၂)နှစ်အား စက်ဘီးတစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ အောက်တိုဘာ ၁၉ ရက်တွင် မဟာမြိုင်အိမ်ရာရှေ့မှ အဆိုပါ စက်ဘီးအား ခိုးယူမှုနှင့် စက်တင်ဘာ ၁၀ ရက်တွင် ယင်းနေရာမှပင် Panasonic စာတန်းပါ အပြာနုရောင်မိန်းမစီး စက်ဘီးတစ်စီးခိုးယူမှုတို့ကို စစ်ဆေးဖော်ထုတ် နိုင်ခဲ့သည်။

အောက်တိုဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၇)ရပ်ကွက် အနော်ရထာလမ်းနှင့် ရုံးလမ်းထောင့်၌ မင်္ဂလာဒုံမြို့နယ် (၁) သဃ်န်းကျွန်းကြီး စံပြကျေးရွာနေ ကျော်သူဇင်(ခ) ဇင်မောင် ကျော်၊ အောင်အောင်(ခ) အောင်ကိုကို ချစ်နှင့် သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်နေ မျိုးကျော်သူတို့အား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိစစ်ဆေးခဲ့ရာ အဆိုပါ ဆိုင်ကယ်မှာ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်(၃) ရပ်ကွက်မှ ခိုးယူခဲ့သည့်အပြင် ယင်းတို့သုံးဦးကပင် အောက်တိုဘာ ၄ ရက်က အင်းစိန်မြို့နယ် စဥ့်ကူး (၂)ရပ်ကွက်နေ အသက် (၂၅)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး ဝတ်ဆင်ထားသော တစ်ကျပ်သားရှိ ရွှေဆွဲကြိုးတစ်ကုံးအား ခိုးယူမှု၊ အောက်တိုဘာ ၂၁ ရက် မွန်းလွဲပိုင်းကလည်း ဒဂုံ(မြောက်)မြို့နယ် လေးထောင့်ကန်လမ်း တံတားဖြူမှတ်တိုင်အနီးတွင် ဒဂုံ(အရှေ့)မြို့နယ် (၁၀၈)ရပ်ကွက်နေ လှတင်နှင့် ဘိုထွန်းတို့နှစ်ဦးအား ပိုက်ဆံအိတ်တစ်လုံးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိ၍ သက်သေများနှင့် ရှာဖွေရာ လှတင်လွယ်ထားသည့် အိတ်အတွင်းမှ အရိုးအသွား ၁၀ ဒသမ ၅ လက်မခန့်ရှိ သစ်သားလက်ကိုင်ရိုးတပ် ဓားမြှောင်တစ်ချောင်း၊ Samsung တံဆိပ်လက်ကိုင် အပြာရောင်၊ ROD တံ (ဘီလပ်မြေဖျော်ရာတွင် လေမခိုအောင်သုံးသည့်ပစ္စည်း)တစ်ချောင်းတို့ ခိုးယူလာကြောင်းစစ်ဆေး ဖော်ထုတ်နိုင်ခဲ့သည်။

ထို့အတူ နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် ဒဂုံ(မြောက်)မြို့နယ် ပင်လုံခုံးကျော်တံတားအောက်၌ (၃၂)ရပ်ကွက်နေ အောင်စိုး(၁၉)နှစ်အား အရှည်ပေ ၁၀၀ ခန့်ရှိ လျှပ်စစ်ကြေးကြိုးနှင့်အတူ တွေ့ရှိစစ်ဆေးဖော်ထုတ်ခဲ့ရာ အောက်တိုဘာ ၂၁ ရက် ညတွင် ပင်လုံ တံတားအောက်မှ ဆေးရုံဘက်သို့ သွယ်တန်းထားသော လျှပ်စစ်မီးကြိုးအရှည်ပေ ၁၀၀ ခန့်အား ဖြတ်တောက်ခိုးယူခဲ့မှု၊ အောက်တိုဘာလတွင် ဒဂုံမြောက်(၂၈)ရပ်ကွက်အတွင်းမှ SKVA မီးအားမြှင့်စက်တစ်လုံးခိုးယူမှု၊ ဖေဖော်ဝါရီ ၁၃ ရက်ကလည်း ပင်လုံဆေးရုံဝင်းအတွင်းရှိ မီးစက်၌ သွယ်တန်းထားသော ကေဘယ်လ်ဝိုင်ယာ ခြောက်သိန်းကျော်ဖိုးခန့်ဖြတ်တောက်ခိုးယူခဲ့မှုတို့ကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်။

ဖော်ပြပါ မှုခင်းဖြစ်စဉ်များ ဖော်ထုတ်နိုင်ခြင်းမှာ ပြည်သူများ၏ တာဝန်သိသတင်းပေးမှု၊ သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များ၏ မှုခင်းဖော်ထုတ်နိုင်မှု စွမ်းရည်တို့ကြောင့်ဖြစ်ကြောင်း၊ ရာဇဝတ်ဘေးဟူသည်ပြေး၍ လွတ်ရိုးထုံးစံမရှိ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို မကောင်းမှုကျူးလွန်ပါက ဆိတ်ကွယ်ရာမရှိ၊ တစ်နေ့အမှုမှန်ပေါ် ပေါက်လာမည်သာဖြစ်ပေရာ လူတိုင်းမိမိ၏ ကိုယ်ကျင့်တရားများကို ဆင်ခြင်တုံတရားဖြင့် စောင့်ထိန်းသင့်ပါကြောင်း ရေးသားတင်ပြလိုက် ရပါသည်။

(ဝင်းဝင်းမော်-သတင်းစဉ်)

# ဘုရားမီးပူဇော်ထားရာမှ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၂၀)ရပ်ကွက် အဝေရာ (၁)လမ်းအတွင်း အိမ်ငှားရမ်းနေထိုင်သော ဦးမြင့်အေး၏ နေအိမ်တွင် ဘုရားမီးပူဇော်ထားရာမှ ဒီဇင်ဘာ ၂၀ ရက် ညဉ့်သန်းခေါင်ယံ အလွန် ၁၂ နာရီ ၃၀ မိနစ်ခန့်တွင် စတင်လောင်ကျွမ်းရာ နေအိမ် ၁၀ လုံးခန့် မီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စု ၁၄ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

မီးလောင်ရာသို့ မီးသတ်ယာဉ် ၂၆ စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီး၊ အထောက်အကူပြုယာဉ်သုံးစီး၊ သန္ဓေမီးသတ် ၁၈၃ ဦး၊ အရန်မီးသတ် ၆၆ ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ယင်းမီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ အိမ်ရှင်အား ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရဲစခန်းက ပ/၁၂၉၂/၂၀၁၁ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၅၄၈)

## မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

**မီးသတ်ဦးစီးဌာန**

# မြန်မာနိုင်ငံမြောက်ဖျား ခါကာဘိုရာဇီတောင်သည် ဟိန္ဒူကွတ်ရှ်-ဟိမဝန္တာဒေသ၌ ပါဝင် ဒေသနေသူများ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ သယံဇာတထိန်းသိမ်းရေးဆောင်ရွက်ပေးရန် အရေးကြီး

နေပြည်တော် ဒီဇင်ဘာ ၂၂

**မြန်မာနိုင်ငံအနေဖြင့် တောင်ပိုင်းဒေသများမှလွဲ၍ နိုင်ငံဧရိယာ၏ ၄၂ ရာခိုင်နှုန်းသည် တောင်တန်းများဖြင့် လွှမ်းခြုံလျက်ရှိပြီး Hindu-Kush-Himalayas ဒေသတစ်ခုလုံး၏ ၄၇ ရာခိုင်နှုန်းပါဝင်တည်ရှိလျက်ရှိပြီး နိုင်ငံလူဦးရေ၏ ၂၄ ရာခိုင်နှုန်းသော ပြည်သူ ၁၂ သန်းကျော်ခန့် နေထိုင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမြောက်ဖျားမှ ခါကာဘိုရာဇီတောင်သည်လည်း Hindu-Kush-Himalayas ဒေသတွင်း ပါဝင်ကြောင်း၊ အဆိုပါ တောင်တန်းဒေသတွင် နေထိုင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ သဘာဝသယံဇာတများ ထိန်းသိမ်းခြင်းနှင့် ရေရှည်အသုံးချခြင်းများကို ဆောင်ရွက်စီမံပေးရုံမျှမက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လွန်စွာအရေးကြီးကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားသည်။**



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဟိမဝန္တာတောင်တန်း၏ ဗြဟ္မပုတ္တရ-သံလွင်မြစ်ဒေသအတွင်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် နယ်နိမိတ်ဆက်စပ်နိုင်ငံများအကြား ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လုပ်ငန်းဆိုင်ရာ အကြံပြုချက်ရေးဆွဲရေး ကျွမ်းကျင် သူများဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနတို့ ပူးပေါင်းကျင်းပသော "ဟိမဝန္တာတောင်တန်း၏ ဗြဟ္မပုတ္တရ-သံလွင်မြစ်ဒေသအတွင်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် နယ်နိမိတ်ဆက်စပ်နိုင်ငံများအကြား ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ အကြံပြုချက်ရေးဆွဲရေး ကျွမ်းကျင်သူများဆွေးနွေးပွဲ"ကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အမရဟိုတယ်၌ကျင်းပရာ၌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်တွင် ICIMOD ၌ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ကြောင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အနေဖြင့် Focal Agency အဖြစ်ဆောင်ရွက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်း၍ ဤဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် ကျင်းပရခြင်းဖြစ်ပါကြောင်း။

ဤဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာ အဖွဲ့ဝင်များအကြား သိပ္ပံနှင့် သုတေသန ပူးပေါင်းဆောင်ရွက်မှု **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် အင်္ဂမအကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ ဝန်ကြီးများအဆင့် ညီလာခံ၌ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

# အဌမအကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ ဝန်ကြီးများအဆင့်ညီလာခံ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်



နေပြည်တော် ဒီဇင်ဘာ ၂၂

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် အဌမအကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ ဝန်ကြီးများအဆင့်ညီလာခံသို့ တက်ရောက်ခဲ့သည်။**

ပြည်ထောင်စု ဝန်ကြီးသည် ဒီဇင်ဘာ ၁၄ ရက်တွင် ဂျီနီဗာမြို့၌ ကျင်းပသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ ကုန်သွယ်ရေးဝန်ကြီးများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး သဘောထားကြေညာချက်ဖြစ်သည့် အဆိုပါနိုင်ငံများ၏ ထွက်ကုန်များအပေါ်တွင် အကောက်ခွန်ကင်းလွတ်ခွင့်နှင့် ကိုတာကင်းလွတ်ခွင့်ပြုရေး၊ ကမ္ဘာ့ကုန်သွယ်မှု လုပ်ငန်းများနှင့် နိုင်ငံစုံ ညှိနှိုင်းဆွေးနွေးမှုများတွင် အဆိုပါနိုင်ငံများ ပိုမိုထိရောက်စွာ ပါဝင်နိုင်ရေးအတွက် လူသားအရင်းအမြစ်နှင့် ငွေကြေးအပါအဝင် အထောက်အပံ့များကို ပိုမိုပေးအပ်ရေး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ လွယ်ကူလျင်မြန်စွာဝင်ရောက်ခွင့်ပြုရေး၊ ၎င်းနိုင်ငံများမှ ချည်မျှင်နှင့် ဝါဂွမ်းထွက်ကုန်များ ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်ရေးအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

အင် တာ န က် သ တ င်း

# အိန္ဒိယနိုင်ငံ ကျေးလက်ဒေသများ၌ နေစွမ်းအင်သုံး အေတီအမ်စက်များသုံးမည်

ဘာသာပြန် - သတင်းလုလင်

**နယူးဒေလီ ဒီဇင်ဘာ ၂၂**

အိန္ဒိယနိုင်ငံရှိ ကျေးလက်ဒေသများ၌ နေရောင်ခြည်စွမ်းအင်သုံး အလိုအလျောက်ငွေထုတ်စက် (အေတီအမ်) အလုံးပေါင်း ၁၀၀၀၀ အသုံးပြုနိုင်ရန် ဗော်တက်စ်အင်ဂျင်နီယာကုမ္ပဏီက ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သတင်းဌာနများက ဒီဇင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

နေရောင်ခြည်စွမ်းအင်သုံး အလိုအလျောက်ငွေထုတ်စက်များကို ဗော်တက်စ်အင်ဂျင်နီယာကုမ္ပဏီက အိန္ဒိယနိုင်ငံ မဒရပ်စ်မြို့ အခြေစိုက် အိုင်အိုင်တီကုမ္ပဏီနှင့် ပူးပေါင်းထုတ်လုပ်သွားမည် ဖြစ်သည်။

လျှပ်စစ်ဓာတ်အား မရရှိနိုင်သော ကျေးလက်ဒေသများ၌ အလိုအလျောက်ငွေထုတ်စက်များကို နေရောင်ခြည်စွမ်းအင်ဖြင့် လည်ပတ်နိုင်ရန် နည်းပညာရှင်များက သုတေသနလုပ်ခဲ့ကြသည်။

အိန္ဒိယပြည်ထောင်စုဘဏ်သည် ပထမဆုံးသော နေရောင်ခြည်စွမ်းအင်သုံး အလိုအလျောက်ငွေထုတ်စက်ကို အသုံးပြုရန် မတ်လက ခွင့်ပြုပေးခဲ့သည်။

အလိုအလျောက်ငွေထုတ်စက်၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ အလွန်နည်းပါးပြီး ဝပ် ၄၀ မှ ဝပ် ၁၀၀ အထိသာ ရှိသည်ဆို၏။

အလိုအလျောက်ငွေထုတ်စက်၏ စက်လည်ပတ်မှုစနစ်တွင် လေအားပေးစနစ် ထည့်သွင်းရန်မလိုအပ်ကြောင်း သုတေသီများက ပြောကြားကြသည်။

***အင်တာနက်။***



**အာရပ်စော် ဘွား များ ပြည် ထောင် စု ဒူဘိုင်းမြို့၌ အမျိုးသားဘဏ်က ဖွင့်လှစ် ထားသော နေရောင် ခြည် စွမ်း အင် သုံး အလို အလျောက် ငွေ ထုတ် စက်ကို တွေ့ ရစဉ်။**


သတင်းအညွှန်း

## အဝလွန်ပြဿနာ

❝၂၀၁၅ ရောက်ရင် ကမ္ဘာကြီးမှာ အဝလွန်သူ သန်း ၇၀၀ ရှိလာလိမ့်မယ်လို့ ခန့်မှန်းထား❞

ဆောင်းပါး စာမျက်နှာ ➢ ၆

## အီဗရာအား ရိုင်းစိုင်းစွာ ဆဲဆိုမှုကြောင့် ဆွာရက်ဇ် ရှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

❝လူမျိုးရေးခွဲခြားပြီး ရိုင်းစိုင်းစွာဆဲဆိုခဲ့မှုကြောင့် အက်ဖ်အေက ပြစ်ဒဏ်ချမှတ်ခဲ့❞

အားကစားသတင်း စာမျက်နှာ ➢ ၁၀

## ဖူကူရှီးမားနျူးစက်ရုံ အဏုမြူယိုစိမ့်မှုဖြစ်ရပ်နောက်ပိုင်း အမေရိကန်၌ ရေဒီယိုသတ္တိကြွမှုနှင့် ဆက်နွှယ်သောသေဆုံးမှုရှိ

❝ရေဒီယိုသတ္တိကြွမှုနှင့် ဆက်နွှယ်သော သေဆုံးသူ ၁၄၀၀၀ ခန့် ရှိသည်ဟု ခန့်မှန်း❞

နိုင်ငံတကာသတင်း စာမျက်နှာ ➢ ၄

## ကားအို ကားဟောင်းအစားထိုး မော်တော်ယာဉ်တင်သွင်းခြင်းနှင့် ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနက သတင်းထုတ်ပြန်ထား

ပြည်တွင်းသတင်း စာမျက်နှာ ➢ ၇